# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၉၄) ၊ ၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၊ ၂၄-၉-၂၀၂၄ ၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိ**

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ်လွိုင်ကော်မြို့နယ်နှင့် လွိုင်လင် လေးမြို့နယ်တို့တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၅ သို့ ☆



ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာ၌ တပ်မတော်သားများနှင့်တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၃

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၆) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက် ၊ အင်္ဂါနေ့။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်း ပျက်စီးမှုများကို သဘာဝဘေးအလွန်ကာလတွင် အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရေတိုက်စားပျက်စီးခဲ့သော လယ်ဝေးမြို့နယ် နေပြည်တော်မြို့ ရှောင်လမ်းမကြီးမှ ကွမ်းခြံကျေးရွာ ဆက်သွယ်သောလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အမြန်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အစီအမံများကို အမြန်ဆုံးတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးနှင့် စိုက်ပျိုးသီးနှံများအတွက်လည်း ပြန်လည်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စက်တင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများသို့သွားရောက်အားပေးပြီး ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်ရာတွင် ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာရှိ နေကြာစိုက်အသင်းသားတောင်သူများထံ ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာရှိ စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သို့ဖြစ်ရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ တောင်သူများလိုအပ်သည့် သွင်းအားစုဓာတ်မြေဩဇာများကို အရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေးနှင့် ထွက်ရှိလာသောသီးနှံများ ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး မိုးစပါးရိတ်သိမ်းပြီးပါက ဆီထွက်သီးနှံ ဆောင်းနေကြာများ အချိန်မီစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၄၆)ကြိမ်မြောက် သက်တော်ရှည် ဂုဏဝယဝုဒ္ဓိပူဇော်ပွဲနှင့် ဩဝါဒခံယူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးမြို့၊ ၆ မြို့နယ်၌ သီတင်းသုံးတော်မူကြသော သက်တော် ၈၀၊ သိက္ခာတော် ၆၀ရှိ သက်တော်ရှည် သီလဝန္တမထေရ်မြတ်ကြီး ၁၄၃ ပါး၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး ၉ ပါး၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ၂၉ ပါး၊ မန္တလေးမြို့ မဟ္တရာတိုက် တိပိဋကသန္တာဝါသစာသင်ကျောင်းတိုက်မှ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော် ၁ ပါး၊ ပေါင်း မန္တလေး ၆ မြို့နယ်မှ ဆရာတော် ၁၈၂ ပါး၊ စစ်ကိုင်းမြို့မှ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ၂ ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော် ၄ ပါး၊ ပေါင်း ၆ ပါး၊ မင်းကွန်းမှ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ၄ ပါး၊ တိပိဋကဓရတိပိဋကကောဝိဒ ၂ ပါး၊ ပေါင်း ၆ပါးနှင့် အသင်းဓမ္မကထိက ၆ ပါး အပါအဝင် သံဃာတော် ၂၀၀ ပါးတို့အား ၄၆ကြိမ်မြောက် သက်တော်ရှည် ဂုဏဝယဝုဒ္ဓိပူဇော်ပွဲနှင့် ဩဝါဒခံယူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၂၅ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားကို မန္တလေး ချမ်းသာကြီးဆန်လှူအသင်းကြီးတွင် ကျင်းပမည်ဖြစ်၍ ကြွရောက်လှူဒါန်းပူဇော်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က.ဆ)

## မဟာအောင်မြေမြို့နယ်သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မဟာအောင်မြေမြို့နယ် သမဝါယမအသင်းရုံးခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားမှူးများအဖြစ် မဟာအောင်မြေမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးအေး၊ ဒေါ်နန်းဝင်းခိုင်တို့က ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးကျော်ဆန်းလင်း၊ ဒေါ်စုဝေဝေထွန်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးသိန်းမြင့်၊ မဟာအောင်မြေမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်သိန်းနှင့် ဝန်ထမ်းများ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိများ၊ မြို့နယ်အသင်းစုဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသော အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် ဘဏ္ဍာရေးရှင်းတမ်းများ၊ အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ချက်များကို အသီးသီး ဖတ်ကြားတင်သွင်းခဲ့ကြပြီး ကိုယ်စားလှယ်များက အတည်ပြုမှတ်တမ်းတင်ကြသည်။

ထို့နောက် အသင်းဝင်အခြေခံသမဝါယမအသင်းများသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အစုပေါ်အမြတ်ငွေများ ပေးအပ်ခြင်း၊ မဟာအောင်မြေမြို့နယ်သမဝါယမဦးစီးဌာနသို့ ဝတ်စုံစရိတ်များချီးမြှင့်ပေးအပ်ခြင်း၊ အောင်ဇော်ရောင်းဝယ်ရေးအသင်း၊ သုခမာလာအသေးစားငွေစုငွေချေးအသင်း၊ ဘဝတက်လမ်းငွေစုငွေချေးအသင်းများအား ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄ဝ)

## စားအုန်းဆီရည်ညွှန်းဈေးအတိုင်း မရောင်းချသည့်ဆိုင်များကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူသွားမည်

**မန္တလေး စက်တင်ဘာ ၂၃**

ပြည်သူများထံသို့ စားအုန်းဆီရည်ညွှန်းဈေးဖြင့် တိုက်ရိုက်ရောက်ရှိစေရေး၊ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချရန် သိုလှောင်သိမ်းဆည်းမှုများ မရှိစေရေး၊ တစ်ဆင့်ပြန်လည်ရောင်းချမှု မရှိစေရေးအတွက် စိစစ်ကြပ်မတ်လျက်ရှိပြီး မှန်ကန်စွာမရောင်းချပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စားအုန်းဆီသည် အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာထားပြီးဖြစ်သည့်အတွက် ဥပဒေဘောင်အတွင်းမှ မှုတမှန်ကန်စွာရောင်းချကြရန်နှင့် လိုက်နာမှုမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။



စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ၂၀၂၄ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် မန္တလေးတိုင်းဒေသကြီးအတွက် တန်ချိန်(၆၅၅၀) ခွဲဝေချထားပေးခဲ့ပြီး ဆီဖြန့်ဖြူးသည့် ကုမ္ပဏီ (၂၁) ခုမှ ခရိုင်အလိုက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

စားအုန်းဆီစီးဝင်မှုများကို အခြေခံ၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စက်တင်ဘာလအတွင်း ခွဲဝေရရှိသည့် စားအုန်းဆီတန်ချိန်(၆၅၅၀)အား သက်ဆိုင်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဆီလက်ကားရောင်းချသူများနှင့် ပူးပေါင်းကာ သက်ဆိုင်ရာမြို့နယ် အိမ်ထောင်စုလူဦးရေအပေါ်တွင် အခြေခံပြီး ဆီဝယ်ယူခွင့်စာအုပ်ဖြင့်စက်တင်ဘာလ ဒုတိယအပတ်မှစတင်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။

စက်သုံးဆီ၊ စားသုံးဆီ ကြီးကြပ်ရေးအဖွဲ့များမှ လက်လီ၊ လက်ကားအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးကာ စိစစ်ဆောင်ရွက်လျက်ရှိပြီး အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာထားပြီးဖြစ်သည့်အတွက် ဥပဒေဘောင်အတွင်းမှ မှုတမှန်ကန်စွာရောင်းချကြရန်နှင့် လိုက်နာမှုမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ကွင်းဆင်းအသိပေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဟိုပုံးမြို့နယ် စံဖူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ဟိုပုံး စက်တင်ဘာ ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

## လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်

ဦးစွာ ဟိုပုံးမြို့ နောင်တောင်းပရဟိတ တပ်ဦးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြကာ ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားရာ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေး၊ စက်ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကိုဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သောက်သုံးရေရရှိရေး၊ ကျောင်းများပြန်လည်ဖွင့်လှစ်ကာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြရန်နှင့်ပြန်လည်ထူထောင်ရေး ကိစ္စရပ်များတွင် အခက်အခဲများရှိနိုင်သောကြောင့် အားလုံးကပါဝင် ပူးပေါင်းဆောင်ရွက်ကြိုးစားပေးကြရန် ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။

## အားပေးစကားပြောကြား

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ရေဘေးသင့် ပြည်သူများကို အားပေးစကား ပြောကြားသည်။

ဆက်လက်၍ မဲနယ်တောင်ဒေသ ထီတခူး-နောင်ဒေးအုပ်စု၊ လွယ်မောဒေသ လွိုင်လင်မြို့နယ် ခေါင်းနွဲ့-အင်းတော် ဒေသတို့အတွက် ငွေကျပ်သိန်း ၁၅၀ စီနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ပေးအပ်လှူဒါန်းရာ ဟိုပုံးမြို့ နောင်တောင်းပရဟိတ တပ်ဦးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒနှင့် ရေဘေးသင့်ပြည်သူများက လည်းကောင်း၊ ဦးဇော်ဝင်း + ဒေါ်နွေးနွေးဝင်း မိသားစု၏ အလှူငွေကျပ်သိန်း ၃၀ ကို တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ ကျောင်းအုပ်ကြီးက ပေးအပ်လှူဒါန်းပေးရာ လဉ်းခလ ဆရာတော်ကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး စံဖူးဘုန်းကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုတွင် စက်တင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာ ၃၀၊ အိမ်ခြေ ၁၀၉၂ အိမ်၊ အိမ်ထောင်စု ၁၀၉၅ စု၊ လူဦးရေ ၄၄၉၇ ဦး ရှိသည့်အနက် နေအိမ်ပျက်စီးမှု ၁၀၀ ရာခိုင်နှုန်း ၂၆၁ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ၃၃၆ အိမ်၊ လူသေဆုံး ၂၆ ဦး ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများသည် ဟန်လွဲဘုန်းတော်ကြီးကျောင်းတွင် ကုန်းကျိုင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အားပေးစကားပြောကြားကြကာ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀ နှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO ပါတီ အထွေထွေအတွင်းရေးမှူး ဦးခွန်သိန်းဖေက ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ရေဘေးသင့် ပြည်သူများက လက်ခံရယူကြ၍ ကလေးသူငယ်များကို စားစရာမုန့်များ ဝေငှပေးပြီး ရေကြီးမှုဖြစ်ပွားခဲ့သည့် နမ့်တဘက်ချောင်းအား ကြည့်ရှုကြသည်။

သဘာဝ ဘေးဒဏ်ကြောင့် ပုံးအင်းဒေသ ကုန်းကျိုင်းကျေးရွာအုပ်စုတွင် အိမ်ခြေ ၆၈၄ အိမ်၊ အိမ်ထောင်စု ၆၉၁ စု၊ လူဦးရေ ၃၆၁၇ ဦး ရှိသည့်အနက် ဘေးသင့်ကျေးရွာငါးရွာ၊ အိမ်ခြေ ၁၄၀၊ အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၅၇၀၊ နေအိမ်ပျက်စီး ၁၀၀ ရာခိုင်နှုန်း ၂၃ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ၃၄ အိမ် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိနိုင်ငံတကာ အခင်းအကျင်းများ၊ နိုင်ငံတကာလတ်တလောဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ ဦးစားပေးဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမှာစကားပြောကြားသည်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အဖွဲ့၏လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာနှင့် ပြည်တွင်းရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အသိပညာရှင်များရှုထောင့်မှ ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်



# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၆ / ၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်မည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၆/၂၀၂၄) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိ လောကနတ်ခန်းမနှင့် ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမတို့၌ တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်မြို့၌ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၆/၂၀၂၄)ကို နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) တို့တွင် တန်းခွဲနှစ်ခုဖြင့် စက်တင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကနယ်ပယ်များမှ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို စိတ်ပါဝင်စားသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေဘာသာရပ်များ၊ နိုင်ငံရေးဘောဂဗေဒနှင့် အထွေထွေဗဟုသုတဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတက္ကသိုလ် ကေတုမတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က နိုင်ငံတော်အစိုးရ၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အရာရှိကြီးများက ပြည်သူလူထုအတွက် ကောင်းမွန်ထိရောက်သည့် ဝန်ဆောင်မှုကို အဓိကဆောင်ရွက်ပေးရန် တာဝန်ရှိသူများဖြစ်ပါကြောင်း၊ အရာရှိကြီးများသည် နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသူများ ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူကြား ယုံကြည်မှု တည်ဆောက်ပေးရာတွင် အခရာကျသူများဖြစ်ပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဟူသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏မျှော်မှန်းချက်များကို ဝန်ထမ်းကောင်းများ ဖြစ်ရန်၊ နိုင်ငံတော်က အားထားရသော ဝန်ထမ်းများဖြစ်စေရန်၊ နိုင်ငံတော်ကို ချစ်သောစိတ်ဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅)သို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၂ ဦး စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဝမ်းတွင်းမြို့နယ် ရေဘေးသင့်ကျေးရွာများ၌ ပျက်စီးသွားသော လျှပ်စစ်မီးတိုင်များ ပြုပြင်ပြီးစီး၍ လျှပ်စစ်မီးများပြန်လည်ရရှိ

ဝမ်းတွင်း စက်တင်ဘာ ၂၃

မန္တလေးတိုင်း ဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအချို့တွင် သွယ်တန်းထားသော လျှပ်စစ်မီးတိုင်များ ပြိုလဲပျက်စီးသွားခဲ့ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ပျက်စီးသောလျှပ်စစ်မီးတိုင်များ ပြုပြင်ပြီးဖြစ်၍ လျှပ်စစ်မီးများ ပြန်လည်ရရှိပြီဖြစ်ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် အတွင်း လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး စမုံချောင်းရေမြင့်တက်လာမှုကြောင့် ကူမဲမြို့သာလွန်ကျေးရွာ မြို့ဝင်ဂိတ်အနီး ဝမ်းတွင်းမြို့နယ်အပိုင် ၃၃ ကေဗွီ၊ ကူမဲ-ရွှေတောင်လိုင်းမှ ၁၂ မီတာ ကွန်ကရစ်တိုင် ခြောက်တိုင် ရေတိုက်စား၍ ကျိုးပဲ့ယိုင်နဲ့သွားပြီး ဓာတ်အားပြတ်တောက်လျက်ရှိရာ ၎င်းပျက်စီးမှုကို ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ဒုတိယမြို့နယ် လျှပ်စစ်မန်နေဂျာတို့ ဦးဆောင်၍ လိုင်းဝန်ထမ်းများဖြင့် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး စက်တင်ဘာ ၂၂ ရက်တွင် ပြုပြင်ပြီးစီးပြီဖြစ်၍ ဝမ်းတွင်းမြို့နယ် ၃၃/၁၁ကေဗွီ (၅)အမ်ဗွီအေ ရွှေတောင်ခွဲရုံအထိ ဓာတ်အားများ လက်ခံရယူပြီး ရွှေတောင်ခွဲရုံနှင့် ၃၃ကေဗွီ ကူမဲ-ရွှေတောင်လိုင်း တစ်လျှောက် ဓာတ်အားဖြန့်ဖြူးပေးထားသော ကျေးရွာ ၄၀ အနက် ရေဝင်နစ်မြုပ်ခဲ့သော ကျေးရွာငါးရွာအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အလေးထားစစ်ဆေးဆောင်ရွက်ပြီး ဓာတ်အားများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်ကျေးရွာများကို အလှည့်ကျစနစ်ဖြင့် ပုံမှန်အတိုင်း ဓာတ်အားများဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃

ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။



**ကြိုဆိုနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr.Saud Abdullah Alsubaie နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံတော်သီချင်း တို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr.Saud Abdullah Alsubaie က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr.Saud Abdullah Alsubaie တို့က ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ


နေပြည်တော် စက်တင်ဘာ ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**ပေးအပ်လှူဒါန်း**

တွေ့ဆုံပွဲအပြီးတွင် China Arts and Crafts Association မှ မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဘေးသင့်ပြည်သူများအတွက် တရုတ်ယွမ် ၇၀၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် သစ်ခေါက်ခွကျေးရွာရှိ ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ စားသောက်ဖွယ်ရာများနှင့် တစ်အိမ်ထောင်လျှင် တစ်သောင်းကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် သစ်ခေါက်ခွကျေးရွာ သုခါရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာနအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သာသနဒ္ဓဇ ဗိမာန်တော်ကြီး၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် စက်တင်ဘာ ၁၉ ရက်ကလည်း အဆိုပါ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရေကြီးမှု ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အောင်မြေသာစံမြို့နယ်တွင် လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ထားရှိသူ အလုပ်သမားဦးရေ ၅၀၀၀၀ ကျော်ရှိ



**မန္တလေး စက်တင်ဘာ ၂၃**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ အလုပ်ရုံများနှင့် ဌာနများမှ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်စနစ်ထားရှိသူ အလုပ်သမားဦးရေ ၅၀၀၀၀ ကျော်ထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင် အလုပ်သမားဝင်ရောက်ရန်အတွက် သက်ဆိုင်သည့် အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများမှထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် အောင်မြေသာစံမြို့နယ်ရှိ အလုပ်ဌာနပေါင်း ၅၀၅၉ ဌာနရှိပြီး၊ လူမှုဖူလုံရေးအာမခံ အကျုံးဝင်မှတ်ပုံတင်ထားရှိသူ အလုပ်သမားဦးရေ ယနေ့အထိ ၅၀၀၀၀ ဦးကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"တိုင်းဒေသကြီးအတွင်း အလုပ်ရုံတွေနဲ့ ဌာနတွေက လူမှုဖူလုံရေး အာမခံအကျုံးဝင်မှတ်ပုံတင်ကို ထားရှိကြပါတယ်။ ထားရှိကြသူတွေကိုလည်း ခွင့်ပြုထုတ်ပေးထားပါတယ်။ ထားရှိတဲ့အတွက်လည်း အကျိုးကျေးဇူးတွေရရှိပါတယ်။ အလုပ်ရှင်၊ အလုပ်သမား လူမှုဖူလုံရေးကို လက်ရှိ အကျိုးခံစားနေရတာထက် ပိုပြီးအကျိုးခံစားခွင့်ရရှိအောင် လူမှုဖူလုံရေးကို အကျုံးဝင်မှတ်ပုံတင်ပေးခြင်းဖြစ်ပါတယ်။ ခုလိုအာမခံလုပ်ထားတာ သာမန်ချိန်မှာမသိသာပေမယ့် လူမှုအခက်အခဲကြုံတွေ့ရချိန်မှာတော့ အလွန်ကိုအားထားရတဲ့ အဖွဲ့အစည်းပါ။ အာမခံထားရှိတဲ့ အခါမှာလည်း အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ ဝင်ငွေထဲကမှ လုပ်ငန်းအလုပ်ရှင်ဌာနမှ ၃ ရာခိုင်နှုန်း၊ အလုပ်သမားတွေမှ ၂ ရာခိုင်နှုန်း၊ စုစုပေါင်း ၅ ရာခိုင်နှုန်းဖြစ်တဲ့ ငွေကို လစဉ်သွင်းရတာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အောင်မြေသာစံမြို့နယ်အတွင်းမှ လူမှုဖူလုံရေးရုံးသို့ အကျုံးဝင် မှတ်ပုံတင်ထားရှိကြသော အလုပ်ဌာနများမှာ အလုပ်သမား ၅ ဦးအထက်ရှိသည့် စက်ဖြင့် (သို့မဟုတ်)လက်ဖြင့်လုပ်သည့် စက်မှုလက်မှုအလုပ်ဌာနများ၊ ပြည်သူ့ဘဏ်အလုပ်ဌာန၊ သမဝါယမအလုပ်ဌာန၊ ပုဂ္ဂလိကအလုပ်ဌာန၊ ဖက်စပ်ဌာနများနှင့် အခြားအလုပ်ဌာနများတို့ဖြစ်ပြီး စုစုပေါင်းအလုပ်ဌာန ၅၀၅၉ ဌာနထားရှိကြကာ ယင်းဌာနများမှ အာမခံထားရှိမှု ထည့်ဝင်ကြေးများပေးသွင်းထားရှိကြောင်းလည်း သိရသည်။

(အပေါင်ဝဲပုံ)

(ဝ၇၃)

## ၂၀၂၄ ခုနှစ် ဩဂုတ်လကုန်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့် ခရိုင်ရုံးများတွင် မှတ်ပုံတင်ထားသည့် ယာဉ်အစီးရေစုစုပေါင်း ၆ သန်းကျော်ရှိ

**မန္တလေး စက်တင်ဘာ ၂၃**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ဩဂုတ်လကုန်အထိ ယာဉ်မှတ်ပုံတင် ပေးပြီးသော ယာဉ်အစီးရေစုစုပေါင်းမှာ EV ယာဉ်များအပါအဝင် ၆၀၇၁၆၅၂ စီးရှိကြောင်း ယင်းဌာန စာရင်းများအရ သိရသည်။

ယင်းသို့ ထုတ်ပြန်ရာ၌ ယာဉ်အမျိုးအစားအလိုက် ပိုင်ဆိုင်မှုစာရင်းတွင် အစိုးရနှင့် ပုဂ္ဂလိကဟူ၍ လည်းကောင်း၊ သုံးစွဲသည့် လောင်စာဆီအရလည်းကောင်း စာရင်းပြုစုထုတ်ပြန်ခြင်းဖြစ်သည်။

"ယာဉ်အမျိုးအစားမှာ လူစီး၊ ခရီးသည်တင်၊ ကုန်တင်မှာ ဝန်လေး/ဝန်ပေါ့နဲ့ နှစ်ဘီးတပ်ယာဉ်၊သုံးဘီးယာဉ်၊ စက်ယန္တရား၊ EV ယာဉ်ဆိုပြီး မှတ်ပုံတင်ပေးသလို ခွဲခြားပြီး စာရင်းပြုစုတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ၂၀၂၄ ခုနှစ် ဩဂုတ်လကုန်အထိ အစီးရေ ၆ သန်းကျော်ရှိတယ်"ဟု ကညန ဝန်ထမ်းတစ်ဦးကပြောသည်။

မှတ်ပုံတင်ပြီးသည့် စာရင်းများအရ လူစီးယာဉ် ၆၂၈၈၂ စီး၊ ခရီးသည်တင်ယာဉ် ၂၇၂၂၃ စီး၊ ကုန်တင်(ဝန်ပေါ့) ၃၇၅၃၁၆ စီး၊ ကုန်တင်(ဝန်လေး) ၄၈၇၆၂ စီး၊ အခြားယာဉ် ၁၀၀၂၆၀ စီး၊ စုစုပေါင်း ၁၁၈၀၄၄၄ စီးဖြစ်ရာ ၎င်းတို့အနက် ဓာတ်ဆီသုံးယာဉ် ၆၇၇၉၂၆ စီး၊ ဒီဇယ်ဆီသုံးယာဉ် ၄၈၀၉၁၂ စီး၊ CNG သုံးယာဉ် ၁၂၇၀၀ စီး၊ LPG သုံးယာဉ် ၉၁ စီး၊ EV လူစီး ၄၈၇၁ စီး၊ EV ဝန်ပေါ့ ၂၁ စီး နှင့် HV သုံးယာဉ် ၃၉၂၃ စီးပါဝင်သည်ဟု ဆိုသည်။

ထို့အပြင် နှစ်ဘီးတပ်ယာဉ် အစီးရေ ၄၇၂၉၃၄၅စီး၊ သုံးဘီးယာဉ် ၁၁၂၄၉၈ စီး၊ ထော်လာဂျီယာဉ် ၂၃၇၇၀ စီးတို့အပြင် စက်ယန္တရားယာဉ် ၂၇၂၆ စီးနှင့် နောက်တွဲယာဉ် ၂၂၈၆၉ စီးတို့ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လကုန်အထိ တိုင်းဒေသကြီး ပြည်နယ်နှင့် ခရိုင်ရုံးများတွင် မှတ်ပုံတင်ထားသည့် ယာဉ်အစီးရေ စုစုပေါင်း ၆၀၇၁၆၅၂ စီးရှိပြီဟု သိရသည်။

(မန္တလေးနေ့စဉ်-၉)



## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရေဘေးသင့်ဒေသများတွင် ရွေ့လျားဆေးကုသခန်းဖွင့်လှစ်ကာ အခမဲ့ဆေးကုသပေးပြီး အမျိုးသမီးငယ်များအတွက် အသုံးအဆောင်ပစ္စည်းများပေးဝေ

မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသည် ကျောက်ဆည်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ပူးပေါင်းကာ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရေဝင်ရောက်သောဒေသများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရွေ့လျားဆေးကုသခန်းဖွင့်လှစ်၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှသိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ရေဘေးသင့်ခံရသော ဒေသဖြစ်သည့် ကျောက်ဆည်မြို့နယ် ကြက်မင်းတွန်ဘုန်းတော်ကြီးကျောင်းတွင် သွားရောက်ကာ မန္တလေးတိုင်းကြက်ခြေနီ ဒုတိယဉက္ကဋ္ဌဒေါက်တာမျိုးခိုင်နှင့် အထွေထွေရောဂါကုဆရာဝန်ကြီးများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ရေဘေးသင့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခမဲ့ဆေးကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုဆေးကုသခန်းရှိရာနေရာသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ကျောက်ဆည်ခရိုင်ကြက်ခြေနီဥက္ကဋ္ဌ ဒေါ်သင်းပုံ့ကြူတို့က အမျိုးသမီးငယ်များအတွက် အသုံးအဆောင်ပစ္စည်းများ ပေးဝေခဲ့သည်။

ဆေးကုသမှုကုန်ကျစရိတ်ကို Hotel Hazel မိသားစုနှင့် အလှူရှင်များက လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့နယ်ဝန်းကျင်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ရေဘေးသင့်ဒေသများသို့ ဆက်လက်သွားရောက်ကာ ဆေးကုသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

❍ စာမျက်နှာ ၂၄ မှ

၂၈ ရက်တို့တွင် ကာတာယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာယူ-၁၆ အသင်းကို အုပ်ချုပ်သူအဖြစ် ဦးစိုးမြတ်မင်း၊ နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုးတို့က တာဝန်ယူဆောင်ရွက်နေပြီး ခြေစမ်းခရီးစဉ်သို့ အုပ်ချုပ်၊ နည်းပြ ကိုးဦး၊ ကစားသမား ၂၆ ဦးအပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ Mr. Mita Michiteru လည်း လိုက်ပါသွားသည်။

အသင်းအနေဖြင့် ၂၀၂၅ အာရှယူ-၁၇ ခြေစစ်ပွဲအတွက် ပြင်ဆင်မှုအဖြစ် Junior Lions FC အမည်ဖြင့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာယူ-၁၆ အသင်းပါဝင်သည့် ၂၀၂၅ အာရှယူ-၁၇ ခြေစစ်ပွဲ အုပ်စု (I)ကို အောက်တိုဘာ ၂၃ရက်မှ ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ ယီမင်၊ ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**

✶ စာမျက်နှာ ၂၄ မှ

ပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ရန်ကုန်-သာစည် အမှတ်(၁၁) အဆန် လူစီးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၅ နာရီတွင် ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၈ နာရီခွဲတွင် ဆိုက်ရောက်ပြီး သာစည်-ရန်ကုန် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားသည်လည်း သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ရန်ကုန်ဘူတာသို့ည ၉ နာရီခွဲတွင် ရောက်ရှိပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန် - သာစည်ခရီးစဉ် လူစီးရထားများဖြင့် ပြေးဆွဲပေးနေမှုအပေါ် ခရီးသည်စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ် သဲတောနှင့် သပြေတောင်းကြား ရထားလမ်းတာပေါင်နှင့် တံတားများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးပါက ရန်ကုန်-မန္တလေး ရထားခရီးစဉ်များကို ပုံမှန်အတိုင်း ပြေးဆွဲပေးသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

စာအုပ်
စာပေ
လူ့
မိတ်
ဆွေ။

❍ လေဖိအားနည်းဆဲလ်မှ
အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## G Dragon ၏ Jus Peace Foundation တွင် ပထမဆုံး တရားဝင်လှူဒါန်းမှုကို NIPS Fandom ရရှိ

ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်း တည်ထောင်ထားသည့် Jus Peace ဖောင်ဒေးရှင်းတွင် စီအီးအို ယောင်ဟိုက သတင်းစာရှင်းလင်းပွဲ၌ အဖွဲ့အစည်းအချို့နှင့် ကုမ္ပဏီများ ပါဝင်လှူဒါန်းနိုင်သည်ဟု ပြောကြားခဲ့၍ လှူဒါန်းချင်သူများပြားသည့်အထဲမှ ပထမဆုံး လှူဒါန်းခွင့်ကို ဂျီဒရယ်ဂွန်၏ အမာခံပရိသတ် ဗီအိုင်ပီများက ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်၏အမာခံပရိသတ်များသည် (Always-GD GD Fandation) ဆိုးလ်မြို့ ဆောင်



ဆူဒုန်းတွင် ဂျီဒရယ်ဂွန် မွေးနေ့ပွဲကျင်းပခဲ့ပြီး ဖောင်ဒေးရှင်းမှ တစ်ဆင့် လှူဒါန်းမှုပြုလုပ်ခဲ့၍ တရားဝင်လှူဒါန်းမှုလက်မှတ်ကို ပထမဆုံးရရှိသည့် အဖွဲ့အစည်းဖြစ်ခဲ့သည်။

စီအီးအိုက လှူဒါန်းမှုလက်မှတ်တွင် 'ချစ်ခြင်းမေတ္တာများဖြင့် ကမ္ဘာကြီးကို ငြိမ်းချမ်းစေရန် အတူတကွ ရောက်ရှိလာကြပြီး ငြိမ်းချမ်းရေးအတွက် ချစ်ခြင်းမေတ္တာများ ဆက်လက်လှူဒါန်းပါ' ဂီတနှင့် အနုပညာလောကကို တရားမျှတပြီး ငြိမ်းချမ်းစေမည့် အနုပညာရှင်၏ ရည်ရွယ်ချက်အတွက် ပါဝင်ပေး၍ ကျေးဇူးတင်ကြောင်း၊ တရားမျှတခြင်းသည် တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကို ပေါင်းစပ်ထားသည့် ဘုတ်အဖွဲ့၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဂျီဒရယ်ဂွန်၏ စကားလုံးအသစ်နှင့် ရည်ရွယ်ချက်ဖြစ်သည် ဟူ၏။ **(SKY)**



## ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ သက်သာပျောက်ကင်းစေရန် အနီးပတ်ဝန်းကျင်၌ သောက်ဆေးလေးမျိုးရှိနေ

အမျိုးသမီးအများစု ခံစားရလေ့ရှိသော ခေါင်းတစ်ခြမ်းကိုက်ဝေဒနာသည် အသက်အန္တရာယ်ကို မထိခိုက်စေနိုင်သော်လည်း နေ့စဉ် ကျန်းမာရေးဘဝနှင့် လူမှုစီးပွားဘဝအပေါ် ဆိုးကျိုး အနည်းနှင့်အများ သက်ရောက်စေနိုင်သည်။

ယနေ့ကမ္ဘာတွင် အသက် ၁၅ နှစ်နှင့် ၄၉ နှစ်အကြား အမျိုးသမီးပေါင်း သိန်းထောင်နှင့်ချီ၍ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ခံစားနေကြရသည်။

ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို စတင်ကြုံတွေ့ဖူးသူအချို့ အနေဖြင့် မည်သည့်ဆေးဝါးကို သောက်သုံးရမည်မသိဘဲ အဆင်မပြေ ဖြစ်လေ့ရှိသည်။


စင်စစ်တွင် အနီးပတ်ဝန်းကျင်၌ သောက်ဆေးလေးမျိုး ရှိနေကြောင်း ခေါင်းကိုက်ဝေဒနာကျွမ်းကျင်သူများက ဆိုသည်။ ထိုဆေးများမှာ အယ်လီထရစ်ပ်တန်၊ ရီဇာထရစ်ပ်တန်၊ ဆူမာထရစ်ပ်တန်နှင့် ဇိုလ်မီထရစ်ပ်တန်တို့ဖြစ်ကြောင်း သိရသည်။ **(SCI)**

## Jung Kook က Spotify တွင် ဆယ်စုနှစ်သမိုင်းစံချိန်တစ်ခု စိုက်ထူနိုင်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကုခ်၏ တစ်ကိုယ်တော်ဂီတ Seven သည် Spotify သမိုင်းတွင် ဆယ်စုနှစ်သမိုင်းစံချိန်တစ်ခု တင်နိုင်ခဲ့ရာ ယနေ့အထိ ထိုစံချိန်ကို မချိုးဖြတ်နိုင်သေးဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ်နှင့် နံပါတ်တစ် သီချင်းဖြစ်ခဲ့သည့် Sabrina Carpenter ၏ Espresso မှာ ထိုစံချိန်ကို စိန်ခေါ်နိုင်ခဲ့သော်လည်း ကျရှုံးခဲ့ပြီး Seven ကို မကျော်နိုင်ဖြစ်ခဲ့သည်။

ဂျောင်ကုက သူ၏ ကိုယ်ပိုင်သမိုင်းစံချိန်သစ်တစ်ခုကို ရက်ပေါင်း နှစ်ရာကျော်သည်အထိ ထိန်းသိမ်းထားနိုင်၍ ဆယ်စုနှစ်အတွင်း Spotify သမိုင်းတွင် Billion Streams အမြန်ဆုံးရရှိသည့် သီချင်း၊ စံချိန်အကြာဆုံး ထိန်းသိမ်းထားနိုင်သည့် ဒုတိယနေရာရကာ အောက်တိုဘာ ၃၀ ရက်ထိ ထိန်းထားနိုင်ပါက ပထမနေရာ စံချိန်တင်နိုင်တော့မည်ဖြစ်သည်။




အဆိုပါစာရင်းတွင် ဂျက်စတင်ဘီဘာနှင့် သည်ကစ်လာရိုအီတို့၏ Stay ၊ ဂျောင်ကု၏ Seven နှင့် ဟယ်ရီစတိုင်တို့၏ As It Was တို့ စံချိန်တင်ထားကြသည်။ **(SKY)**

## Jinny's kitchen 2 ပရိသတ်အားပေးမှု မြင့်မားစွာနှင့် ဆက်လက်ရိုက်ကူးထား

ကိုရီးယားရသစုံ အစီအစဉ်တစ်ခုဖြစ်သည့် Jinny's Kitchen သည် ပြည်ပနိုင်ငံများတွင် ကိုရီးယားအစားအစာကို ချက်ပြုတ်ရောင်းချသောအစီအစဉ်ဖြစ်၍ ပရိသတ်အားပေးမှု မြင့်မားစွာရရှိခဲ့၍ အပိုင်းနှစ်ကို ဆက်လက်ရိုက်ကူးထားခြင်းဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါအစီအစဉ်များ လက်ရှိပြသနေသည့် နာမည်ကြီးအနုပညာရှင်များ ပါဝင်ထားသည့် တီဗွီရှိုးများထက်ပင် အားပေးမှုမြင့်မားခဲ့ပြီး လူတိုင်းနားလည်လွယ်ကာ သရုပ်ဆောင်များ၏ အသွင်မတူမှုကလည်း စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ရာ ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်းလည်း သင်တန်းမသွားမီ ပါဝင်ထားသည်။

အဖွဲ့ဝင်ပတ်ဆိုးဂျွမ်မှာ စပိန်ရိုက်ကူးရေးတွင် စားသောက်ဆိုင်၌ ကိုယ်တိုင်ချက်ပြုတ်စားပွဲထိုးလုပ်ခဲ့သဖြင့် ပရိသတ်ကြိုက်နှစ်သက်ခဲ့ကြသည်။ **(SKY)**

## David Corenswet ၏ Superman ရုပ်ရှင် ကျိန်စာ စတင်ခံစားခဲ့ရ

ဒါရိုက်တာ ဂျိမ်းစ်ဂန်း ရေးသားရိုက်ကူးပြီး သရုပ်ဆောင် ဒေးဗစ်ကိုရမ်ဆွတ် ပါဝင်ထားသည့် DC Universe ၏ ပထမဆုံးပွဲထွက်ရုပ်ရှင် Superman မှာ ကျိန်စာ စတင်ခံစားခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးပြုလုပ်ရာ အမေရိကန်နိုင်ငံ၊ အက်လန်တာပြည်နယ်နားရှိ Trilith စတူဒီယိုတွင် ရိုက်ကူးရေးအဖွဲ့ဝင် တစ်ဦးဖြစ်သည့် အမျိုးသမီးဝန်ထမ်း သေကြောင်းကြံစည်မှု ဖြစ်ပွားခဲ့သည်။ ယင်းကိစ္စကြောင့် ရဲဌာနမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကာ ရိုက်ကူးရေးရပ်နားခဲ့ရပြီး ပြန်လည်ရိုက်ကူးမှု စတင်ခဲ့သော်လည်း အမျိုးသမီးသေဆုံးမှု အသေးစိတ်ကို မသိခဲ့ကြရသေးချေ။

မာဘယ်လ်ရုပ်ရှင်ဖြစ်သည့် Superman ဇာတ်ကောင်မှာ ရုပ်ပြသမိုင်းရော ရုပ်ရှင်သမိုင်းတွင်ပါ ကျိန်စာသင့်ဇာတ်ကောင်အဖြစ် ပရိသတ်ကြား နာမည်ဆိုးထွက်ရှိထားရာ ပြင်းထန်သော ထိခိုက်ဒဏ်ရာရမှုနှင့် လူသေမှုများအထိ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖြစ်သည်။

မင်းသား ဒေးဗစ်ကိုရမ်ဆွတ်၊ ရစ်ချယ်ဘရွန်နာယန်း၊ နီကိုလပ်စ်ဟောက်စ်၊ နာသမ်ဖိလစ်န်၊ အစ်စဘယ်လာမာရိစ်တို့အပြင် ဇာတ်ပို့၊ ဇာတ်ရံများစွာနှင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ပြသမည် ဖြစ်သည်။ **(SKY)**



## Lisa's ကို New Woman အဖြစ် မြင်တွေ့ကြရ

ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာ၏ တစ်ကိုယ်တော်ဂီတထွက်ရှိလာပြီး Rockstar မှ New Woman အဖြစ် မြင်တွေ့ခဲ့ကြရသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာသည် ဘလက်ပင့်ခ်အဖွဲ့နှင့် သီဆိုစဉ်ကပင် အသံအရည်အသွေးကောင်းမွန်သူဖြစ်ပြီး၊ တစ်ကိုယ်တော်ဂီတနှင့် Money တွင်လည်း ဂီတစွမ်းရည်ပြသခဲ့ကာ New Woman တွင် ပို၍ ပြီးပြည့်စုံလာခဲ့သည်။

လီဆာ၏ ရက်ပ်အစမှာ Rap Flow ထဲ တန်းဝင်ခဲ့ပြီး Chorus တွင် နောက်ခံအသံများကြောင့် ပို၍သစ်လွင်လာကာ လီဆာနှင့်အတူ ရိုဆာလီအာ၏ အဆိုးနှင့် လိုက်ဖက်မှုရှိပြီး အချိတ်အဆက်မိခဲ့ကြသည်။

ပိုင်ဂျီနှင့်လမ်းခွဲ၍ ဂီတလမ်းလျှောက်ချိန် ပိုမိုတောက်ပလာသော လီဆာသည် New




Woman နှင့် Pop Star အသွင် ကူးပြောင်းသွားခဲ့သည်။ **(SKY)**



# ဗြိတိန်အာဏာရအလုပ်သမားပါတီ အစည်းအဝေးတွင် ဝန်ကြီးချုပ် ကီယာစတာမာ အမှာစကားပြောကြား

**လန်ဒန် စက်တင်ဘာ ၂၃**

ဗြိတိန်အာဏာရပါတီ အစည်းအဝေးကို အင်္ဂလန်အနောက်မြောက်ပိုင်းရှိ လီဗာပူးလ်မြို့တွင် စက်တင်ဘာ ၂၂ ရက်က ကျင်းပရာ ဝန်ကြီးချုပ် ကီယာစတာမာ အမှာစကားပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အများပြည်သူနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို မိမိတို့အစိုးရက ဆက်လက်ကာကွယ်စောင့်ရှောက်သွားမည်သာဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

ယခုနှစ် ဆောင်းရာသီမှ စတင်၍ လောင်စာဆီဈေးနှုန်းများ၊ အိမ်ခြံမြေများအပေါ် အခွန်စည်းကြပ်မှုများ လုပ်ဆောင်သွားမည်ဆိုသဖြင့် ပြည်တွင်းဈေးကွက် မတည်မငြိမ်ဖြစ်နေခဲ့သည်။

လာမည့် အောက်တိုဘာလကုန်မှစတင်၍ အခွန်စည်းကြပ်မှု တိုးမြှင့်ခြင်းနှင့် အစိုးရအသုံးစရိတ်လျှော့ချခြင်းများကို စတင်ပြုလုပ်သွားမည်ဖြစ်ရာ အစိုးရအနေဖြင့် ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် ကီယာစတာမာက အော်ဘ်ဇာဗားသတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်က "ကမ္ဘာ့တံတားပြတိုက်"

**ကွေ့ယန် စက်တင်ဘာ ၂၃**

တောင်ကုန်းတောင်တန်း ၉၂ ဒသမ ၅ ရာခိုင်နှုန်း ဖုံးလွှမ်းလျက်ရှိသော ကွေ့ကျိုးပြည်နယ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် ကျဉ်းမြောင်းလသည့်အခြေအနေများကို လျှော့ပါးစေရန် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ကွေ့ကျိုးပြည်နယ်၌ အသုံးပြုလျက်ရှိသော ကီလိုမီတာ ၈၀၀၀ ကျော်ရှိသည့် အဝေးပြေးလမ်းများ အပါအဝင် အဝေးပြေးလမ်းမကြီး ကီလိုမီတာ ၂၀၀၀၀၀ ကျော် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။

မြေပြန့်နေရာမရှိသည့် တစ်ခုတည်းသောပြည်နယ်ဖြစ်သည့်အတွက် ကွေ့ကျိုးပြည်နယ်သည် ထုံးကျောက်တောင်များအကြား တံတားအစင်းပေါင်း ၃၀၀၀၀ ကျော် တည်ဆောက်ခြင်းဖြင့် ကမ္ဘာ့စံချိန်များစွာ ရရှိခဲ့သည်။





လက်ရှိ အဆိုပါပြည်နယ်တွင် ကမ္ဘာ့အမြင့်ဆုံးတံတား အစင်းရေ ၁၀၀ စာရင်းဝင်တံတား ၄၉ စင်းရှိပြီး ထိုသို့များပြားလှသောအရေအတွက်၊ ပုံစံအမျိုးမျိုးနှင့် ဧရာမတံတားကြီးများ၏ ရှုပ်ထွေးလှသောနည်းပညာများကြောင့် "ကမ္ဘာ့တံတားပြတိုက်"ဟူ၍ အမည်တွင်လျက်ရှိကြောင်း သိရသည်

**(ဆင်ဟွာ)**

၀-၀-၀-၀-၀

# စင်ကာပူပို့ဆောင်ရေးဝန်ကြီးဟောင်း အက်စ်အစွဝါရန် အဂတိမှုစွဲချက် ၃၅ ရပ်ဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်

**စင်ကာပူ စက်တင်ဘာ ၂၃**

အသက် ၆၂ နှစ်အရွယ် စင်ကာပူပို့ဆောင်ရေးဝန်ကြီးဟောင်း အက်စ်အစွဝါရန်သည် အဂတိမှုစွဲချက် ၃၅ ရပ်ဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖော်မြူလာဝမ်းပြိုင်ကားမောင်းပြိုင်ပွဲ ညပိုင်းပွဲစဉ်ကို စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပနိုင်စေရန် ၎င်းစီစဉ်ညှိနှိုင်းပေးခဲ့သဖြင့် ပြည်တွင်းပြိုင်ကားပရိသတ်များက ကျေးဇူးတင်မဆုံးဖြစ်ခဲ့ကြသည်။

နောက်ပိုင်းတွင် ဖော်မြူလာဝမ်းပြိုင်ကားမောင်းပြိုင်ပွဲနောက်ကွယ်မှ ၎င်း၏ အဂတိမှုများကို စင်ကာပူ ရဲစုံထောက်များက ထောက်လှမ်းဖော်ထုတ်နိုင်ခဲ့သည်။

သန်းကြွယ်သူဌေးများဖြစ်သော အွန်ဘင်စန်းနှင့် လမ်ကော့စန်းတို့ နှစ်ဦးထံမှ စင်ကာပူဒေါ်လာ ၄၀၀၀၀၀ ကျော် တန်ဖိုးရှိသော လက်ဆောင်ပစ္စည်းများ လက်ခံရယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။

စင်ကာပူနိုင်ငံတွင် အစိုးရဝန်ထမ်းများသည် စင်ကာပူဒေါ်လာ ၅၀ အထက် တန်ဖိုးရှိသောမည်သည့် တံစိုးလက်ဆောင်ပစ္စည်းကိုမျှ လက်မခံရ။ လက်ခံလျှင် အဂတိမှုမြောက်သည်ဟု ဥပဒေပြဋ္ဌာန်းထားကြောင်း သိရသည်။ **Mon**







ဘိုးရစ်မုန်တိုင်းနောက်ဆက်တွဲ မိုးသည်းထန်မှုကြောင့် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တွင် ဒနူဘီမြစ်ရေလျှံပြီး ပါလီမန်ထဲသို့ ရေဝင်မည်စိုးသဖြင့် သဲအိတ်များချထားသည်ကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ **Mon**





# မစ်ဆူဘီရှီဖူဆို မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ လျှပ်စစ်အမှိုက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေ

**ဝါရှင်တန် စက်တင်ဘာ ၂၃**

ဂျာမနီအခြေစိုက် မစ်ဆူဘီရှီဖူဆို မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက အီးကန်တာအမှတ်တံဆိပ် လျှပ်စစ်အမှိုက်ကားများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက ဂရိနိုင်ငံ အေသင်မြို့တော်နှင့် သက်ဆာလိုနီကီမြို့သို့ ယင်းလျှပ်စစ်အမှိုက်ကားများ ဖြန့်ဖြူးပို့ဆောင်ပေးခဲ့ရကြောင်း ကုမ္ပဏီပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

အီးကန်တာလျှပ်စစ်အမှိုက်ကားများကို တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းက ပထမဆုံးမှာယူခဲ့ခြင်းဖြစ်သည်။ **Mon**



STOP A I D S

# အမေရိကန်ပြည်ထောင်စု အလာဘားမားပြည်နယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား လူလေးဦး သေဆုံး

**ဝါရှင်တန် စက်တင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စု အလာဘားမားပြည်နယ် ဘာမင်ဂမ်မြို့တွင် စက်တင်ဘာ ၂၂ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူလေးဦး သေဆုံးကာ အချို့ ဒဏ်ရာရခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သေနတ်သမားက လူအုပ်ထဲသို့ ပစ်ခတ်ခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦး ကျည်ထိမှန်သေဆုံးခဲ့ရခြင်းဖြစ်သည်။

လူ ၁၀ ဦးကျော် ဒဏ်ရာရရှိခဲ့သည့်အနက် လေးဦး၏ ဒဏ်ရာပြင်းထန်သဖြင့် အသက်အန္တရာယ်စိုးရိမ်ရကြောင်း ဘာမင်ဂမ်မြို့တော်ဝန် ရန်ဒါးလ်ဝုဒ်ဖင်းက အတည်ပြုသည်။

အခင်းဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် သေနတ်သမား ပျောက်ကွယ်သွားခဲ့ရာ ၎င်းကို လက်ရဖမ်းဆီးနိုင်ရန် အက်ဖ်ဘီအိုင်အဖွဲ့က အမေရိကန်ဒေါ်လာ ၅၀၀၀ ဆုကြေးထုတ်ပြီး အပူတပြင်း လိုက်လံစုံစမ်းရှာဖွေနေကြောင်း သိရသည်။ **Mon**

# မက္ကဆီကိုအနောက်မြောက်ပိုင်း ဆီနာလိုအာပြည်နယ်၌ ဒုစရိုက်ဂိုဏ်းသားများ ဆက်လက်အနိုင်လုတိုက်ခိုက်





**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၃**

မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်း ဆီနာလိုအာပြည်နယ်အတွင်း၌ ဒုစရိုက်ဂိုဏ်းသားများ အချင်းချင်း ဆက်လက်အနိုင်လုတိုက်ခိုက်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇူလိုင်လနှောင်းပိုင်းတွင် ဆီနာလိုအာဂိုဏ်း ပူးတွဲတည်ထောင်သူ အမေရိကန်ပြည်ထောင်စု၌ အဖမ်းခံခဲ့ရပြီးနောက် ထိုဂိုဏ်းအတွင်း နေရာလုပွဲများဖြစ်ကာ အချင်းချင်းတိုက်ခိုက်ခဲ့ကြသည်။

ယခုနောက်ပိုင်းတွင် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများပါ ကျူးလွန်လာသဖြင့် မက္ကဆီကိုအစိုးရက မြို့ကြီးများ၌ လုံခြုံရေးတိုးမြှင့်ထားရကြောင်း သိရသည်။ **Mon**





## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ မြတ်ပါရမီကိုယ်ပိုင် အထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို-မန္တလေး) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးညွန့်အောင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊ အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင် ဦးဝင်းမင်းလှိုင်၊ ဒေါ်သင်းသင်းဦးတို့က မေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုသူများအား အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မဟာအောင်မြေခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီတို့က ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၀၇၀)**



## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်များပေါ် သစ်ပင်လဲကျမှုများ ဖြစ်ပွား

**ညောင်ဦး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၂၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ညောင်ဦးမြို့ပေါ် ရပ်ကွက်အချို့ရှိ လမ်းများနှင့် လူနေအိမ်အဆောက်အအုံများပေါ် သစ်ပင်လဲကျမှုများ ဖြစ်ပွားခဲ့ကြောင်းသိရ၍ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သော ကူညီရှင်းလင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ညောင်ဦးမြို့၊ အမှတ်(၃)ငှက်ပစ်တောင်ရပ်ကွက်ရှိ ငှက်ပစ်တောင် ဘုရားအုတ်စောင်းတန်းပေါ်သို့ သက်တမ်းရင့် ထနောင်းပင်လဲကျသဖြင့် ဘုရားကြီးအုတ်စောင်းတန်း(၈ ပေ× ၆ ပေ ×၈ ပေ) သွပ်မိုးအုတ်စောင်းတန်း(၉)ခန်း ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ အမှတ်(၃)အောင်သပြေရပ်ကွက်တွင် ထနောင်းပင်လဲကျ၍ လူနေအိမ်ပေါ်သို့ ပိမိ၍ သွပ်အမိုး(၈)ချပ်၊ ဝါး(၈)လုံး ထိခိုက်ပျက်စီးခြင်း၊ ညောင်ဦးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခြံဝင်းအတွင်း ဝန်ထမ်းအိမ်ရာအဆောက်အအုံပေါ်သို့ ကုက္ကိုပင်ကိုင်းပဲ့ကျပိမိခြင်း၊ အမှတ်(၅) မင်္ဂလာသာစည်ရပ်ကွက်တွင် ကန္တာရပင် နှစ်ပင်လဲကျ၍ လူနေအိမ်အဆောက်အအုံများပေါ် ပိမိခြင်းတို့ ဖြစ်ပွားခဲ့ပြီး ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး လဲကျနေသော သစ်ပင်သစ်ကိုင်းများကို စနစ်တကျခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ သစ်ပင်များ လဲကျမှုများကြောင့် အခြားလူနှင့် တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သက်သေများနှင့်အတူ စစ်ကိုင်းမြို့၊ တစ်ကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ ကလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ခိုင်မြဲ(ခ)မျိုးသန်းနိုင်ဆိုသူ၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀၅၊ မြန်မာငွေကျပ် ၈၅၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခိုင်မြဲ(ခ)မျိုးသန်းနိုင် (၂၂)နှစ်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ညနေ ၅ နာရီက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မယ်ခေါင်(၂)လမ်းရှိ စိုင်းလောဝ်ဆိုင်ဆိုသူ ငှားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလောဝ်ဆိုင်(၂၂)နှစ်ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## သစ်ပင်လဲကျမှု ဖယ်ရှားရှင်းလင်း

**ရေနံချောင်း စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ညောင်လှရပ်ကွက်၊ အထက(၃)၊ စာသင်ကျောင်း၊ အရှေ့ဘက်ရှိ ကျောင်းအုတ်တံတိုင်းပေါ်သို့ သစ်ပင်နှစ်ပင်လဲကျနေကြောင်း စက်တင်ဘာ ၂၁ရက် နံနက် ၇ နာရီခွဲက သတင်းရရှိသဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်စိုးဟန် ဦးစီးပြီး သန္တေတပ်ဖွဲ့ဝင်များက အုပ်ချုပ်မှုယာဉ်ဖြင့် သွားရောက်၍ အရှည်ပေရှစ်ဆယ်ရှိ ယင်းမာပင်တစ်ပင်တစ်ပင်နှင့် အရှည်ပေငါးဆယ်ရှိ မဲဇလီပင်တစ်ပင်တို့မှာ မြေသားပျော့အိ၍ အမြစ်မှလန်ပြီး ကျောင်းအုတ်တံတိုင်းပေါ်သို့ လဲကျခဲ့ရာ ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်မှုမရှိ၊ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၇၂)**



## ဆီဘောက်ဆာယာဉ်တိမ်းမှောက်ပြီး ချောက်ထဲကျမှု ဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဗုဒ္ဓဂါယာလမ်း၊ မိုင်တိုင်အမှတ်(၃/၇)သပြေစမ်းကျေးရွာအနီး တွင် စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီခန့်က ဆီဘောက်ဆာယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားပြီး ချောက်ထဲထိုးကျမှု ဖြစ်ပွားခဲ့သဖြင့် ပုဗ္ဗသီရိမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ယာဉ်နောက်လိုက်အမျိုးသားမှာ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ခဲ့သဖြင့် သဗ္ဗသုခပရဟိတအသင်းလူနာတင်ယာဉ်ဖြင့် နေပြည်တော်ခုတင် ၁၀၀၀ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(၀၄၅)**

# လျှပ်စစ်ကို လိုသလောက်သာသုံး တရားမဝင်မသုံးနဲ့

------ မောင်မောင်စွယ်စုံထွန်း ------

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ(၄၁)နှင့်အညီ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်စိုက်ထုတ် ကျခံသုံးစွဲရမှုကို လျှော့ချနိုင်ရန် ထုတ်လုပ်မှုကုန်ကျစရိတ်များအား ကာမိစေသော လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄) သဘောတူညီချက်ဖြင့် ၂၀၂၄ခုနှစ် စက်တင်ဘာ ၁ရက်မှစ၍ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်သတ်မှတ်လိုက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူများအကြားနှင့် လူမှုစီးပွားနယ်ပယ်များတွင် များစွာ ဂယက်ရိုက်ခတ်မှုများ ရှိလာခဲ့သည်။ နိုင်ငံတော်ဘက်မှလည်း နှစ်စဉ်စိုက်ထုတ်ကျခံနေရမှုများ လွန်စွာများပြားလာသဖြင့် အထိုက်အလျောက်သက်သာစေရန် မလွဲမရှောင်သာ တိုးမြှင့်ခဲ့ရခြင်းသာဖြစ်ပြီး ထိုသို့တိုးမြှင့်လိုက်သော်လည်း နိုင်ငံတော်ဘက်မှ ဆက်လက်စိုက်ထုတ်သုံးစွဲရဦးမည်ဖြစ်သဖြင့် အစိုးရနှင့်ပြည်သူ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန်ရည်ရွယ်၍ ဖြစ်သင့်ဖြစ်ထိုက်သော အခြေအနေမှန်အရ နိုင်ငံတော်ဘက်မှ များစွာစဉ်းစားဆောင်ရွက်ခဲ့ခြင်းကို သိရှိကြရန် လိုအပ်နေပါသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ ဓာတ်အားခွဲရုံများအား အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအား တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များစွာမြင့်မားလာသဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို မဖြစ်မနေပြင်ဆင်သတ်မှတ်ရန် လိုအပ်လာသဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ရခြင်းသာဖြစ်ပြီး လူတန်းစားအလွှာအလိုက် အဆင်ပြေစေရန် အလို့ငှာ အနည်းအများကွာခြားမှုသာရှိပြီး အဆလိုက်တက်ခြင်းမျိုးမဟုတ်ဘဲ အနည်းငယ်မျှသာ တက်သည့်နှုန်းထားဖြစ်သော်လည်း အဆိုးမြင်သမားအချို့မှာ ပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေရန် အမျိုးမျိုးပြောဆိုရေးသားနေကြသဖြင့် ဤဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်းလည်းဖြစ်ပါသည်။ မီတာခတိုးမြှင့်ကောက်ခံရသည့် ရည်ရွယ်ချက်မှာ နှစ်မျိုးတည်းသာရှိသည်။ ပထမအချက်မှာ ဌာနမှ ဝင်ငွေတိုးတက်ရရှိ၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒုတိယအချက်အနေဖြင့် မလုံမလောက်ဖြစ်နေသည့် လျှပ်စစ်ဓာတ်အားကို မလိုအပ်လျှင်မသုံးဘဲ လိုအပ်သလောက်သာ သုံးစေလိုသော ရည်ရွယ်ချက်များပင် ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာဖြန့်ဖြူးနိုင်ခြင်း မရှိသေးပါ။ အမှန်လိုအပ်နေသည်မှာ မဂ္ဂါဝပ် ၆၀၀၀ခန့်ဖြစ်သော်လည်း ပျမ်းမျှအားဖြင့် ၂၅၀၀ မဂ္ဂါဝပ် ဝန်းကျင်ကိုသာ ကြိုးစားဖြန့်ဖြူးပေးနိုင်လျက်ရှိရာ ပြည်သူတို့အနေဖြင့် မလိုအပ်ဘဲ လျှပ်စစ်ဓာတ်အားကို မသုံးစွဲခြင်းဖြင့် ယခုကဲ့သို့ ဓာတ်အားမလုံလောက်ချိန်တွင် အခြားအရေးကြီးလိုအပ်သော ဆေးရုံ၊ စာသင်ကျောင်း စသည်တို့ကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ နံနက်အလင်းရောင်ရှိသည့် အချိန်မျိုးတွင် လမ်းမီးများ၊ လုံခြုံရေးမီးများနှင့် အခြားမလိုအပ်သော မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကို ပိုမို၍ အချိန်ပြည့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရုံမက ပိုလျှံလာပါက နိုင်ငံတော်ဓာတ်အားစနစ်မှ ကျန်မီးမရရှိသေးသော အိမ်ထောင်စုများသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်လာမည် ဖြစ်ပါသည်။

နေအိမ်တစ်အိမ်လျှင်(သို့မဟုတ်)မိသားစုတစ်စုလျှင် အသုံးပြုရန်မလိုသေးသော ၄၀ ဝပ်အားရှိ (၄)ပေမီးချောင်းတစ်ချောင်းနှင့် ၆၀ ဝပ်အားရှိ မီးသီးတစ်လုံး စုစုပေါင်း ၁၀၀ ဝပ်ခန့်ကို ပိတ်ပေးထားခြင်းဖြင့် လက်ရှိနိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေသော အိမ်ထောင်စုနှစ်သန်းကျော်ခန့်နှင့် တွက်ချက်ကြည့်ပါလျှင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံတစ်ရုံ အသစ်တည်ဆောက်ခြင်းနှင့် အလားတူ အကျိုးသက်ရောက်မှုများ ရရှိလာစေမည်ဖြစ်ပါသည်။ ဤနေရာတွင် လျှပ်စစ်မီးအားလုံးပိတ်ထားရန် ချွေတာစေခြင်းမျိုးမဟုတ်ဘဲ မလိုအပ်ပါက(အသုံးပြုရန်မလိုပါက) မီးပိတ်ထားစေခြင်းမျိုးသာ ဖြစ်သည်ကိုလည်း သတိပြုကြစေလိုပါသည်။ မီးသုံးသူပြည်သူများအနေဖြင့် ထိုသို့ လျှပ်စစ်မီးကို မလိုအပ်သောနေရာများတွင် အသုံးမပြုခြင်းဖြင့် လျှပ်စစ်မီတာခကိုလည်း များစွာသက်သာလာမည်ဖြစ်ပါသည်။ ပထမယူနစ် ၂၀၀အထိ အလင်းရောင်နှင့်ရေတင်ခြင်း စသည့်အိမ်သုံးသုံးစွဲသူ(၃၀ရာခိုင်နှုန်းသောပြည်သူ)များအတွက် ဓာတ်အားခနည်းနည်း သာတိုးပြီး လျှပ်စီးကြောင်းပမာဏ များများသုံးသည့် Hot Plate နှင့် Aircon၊ ဒယ်နီ စသည်တို့ကို သုံးစွဲသူများအတွက်လည်း နိုင်ငံတော်မှ ထုတ်လုပ်စရိတ်ကာမိစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် ချွေတာသုံးစွဲကြခြင်းဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုရရှိလာစေပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်များ ပိုမိုလျော့နည်းလာစေမည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်ပါသည်။

မီတာခတိုးမြှင့်ကောက်ခံရသည့် ရည်ရွယ်ချက်မှာ နှစ်မျိုးတည်းသာရှိသည်။ ပထမအချက်မှာ ဌာနမှ ဝင်ငွေတိုးတက်ရရှိ၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒုတိယအချက်အနေဖြင့် မလုံမလောက်ဖြစ်နေသည့် လျှပ်စစ်ဓာတ်အားကို မလိုအပ်လျှင်မသုံးဘဲ လိုအပ်သလောက်သာ သုံးစေလိုသော ရည်ရွယ်ချက်များပင် ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားခများကို တိုးမြှင့်ကောက်ခံလိုက်ခြင်းဖြင့် ဓာတ်အားသုံးစွဲသူများမှ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲလာပြီး မလိုအပ်ဘဲ ဓာတ်အားအလေအလွင့်ဆုံးရှုံးနေမှုများ လျော့နည်းကျဆင်းလာစေရန် ရည်ရွယ်သော်လည်း အခြားတစ်ဖက်တွင် လျှပ်စစ်ဓာတ်အားကို လျှော့မသုံးဘဲ ဓာတ်အားခိုးယူသုံးစွဲခြင်း(သို့မဟုတ်) တရားမဝင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုများ ဖြစ်လာနိုင်ချေကလည်း ရှိနေပြန်ပါသည်။ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်မည့်ကြေညာချက်ပေါ်ထွက်ပြီးကတည်းက လူမှုကွန်ရက်စာမျက်နှာများတွင် မီတာခတိုးမပေးရအောင် လျှပ်စစ်မီတာတွင် တရားမဝင်ပြုလုပ်ရန်များအား ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် ပြုလုပ်ပြသထားသည်များ ပျံ့နှံ့လာသည်ကို တွေ့ရှိနေရသဖြင့် ပြည်သူများ လိုက်မလုပ်မိကြစေရန် အထူးလိုအပ်ပါသည်။

မီတာခနှုန်းထားများမတက်မီကပင် ပြည်သူအချို့နှင့် လုပ်ငန်းရှင်အချို့တို့သည် မိမိတို့ဓာတ်အားခ သက်သာစေရေးအတွက် လျှပ်စစ်ဝန်ထမ်းဟောင်းအချို့နှင့် လက်ရှိ အကျင့်ပျက်ဝန်ထမ်းအချို့တို့နှင့် ပူးပေါင်းကာ တရားမဝင် ဓာတ်အားသုံးစွဲမှုများကို ဆောင်ရွက်လျက်ရှိသည်။ မီတာခတက်ပြီးနောက် မီးခိုးမှု ပိုမိုလုပ်ဆောင်လာနိုင်မည့် အခြေအနေကလည်း ရှိနေပြန်ပါသည်။ ထိုသို့ဖြစ်ပေါ်လာပါက နိုင်ငံတော်မှ မျှော်မှန်းသလိုဖြစ်လာနိုင်တော့မည်မဟုတ်ဘဲ ဓာတ်အားပျောက်ဆုံးမှုများ ပိုမိုများပြားလာသလို လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများလည်း ပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်၍ လျှပ်စစ်မီး ပိုမိုရရှိလာရေးအတွက် ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ အသိစိတ်ဓာတ်ရှိရှိဖြင့် မလိုအပ်သေးပါက လျှပ်စစ်ဓာတ်အားကို မသုံးစွဲခြင်း၊ လျှပ်စစ်ဓာတ်အားကို တရားမဝင် ခိုးယူသုံးစွဲခြင်းမျိုးမှ ရှောင်ကြဉ်ကြရေးမှာ အထူးအရေးကြီးလှပါသည်။ မည်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ရှိသူများကိုလည်း ပြည်သူများက ပူးပေါင်း၍ ဝိုင်းဝန်းဖော်ထုတ်ပေးနိုင်မှသာ နိုင်ငံတော်၏ဓာတ်အားခ အနည်းငယ်သာ တိုးမြှင့်ကောက်ခံပြီး လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေနိုင်ရေး မျှော်မှန်းချက်မှာ အောင်မြင်မှုများ ရရှိလာနိုင်မည်ဖြစ်ပါသည်။

ယခုအခါ ပညာပေးကာလအနေဖြင့် တရားမဝင်သုံးစွဲမှုများကို ဖြေလျှော့၍ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အနာဂတ်ကာလတွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ရာ တရားမဝင်ဓာတ်အားသုံးစွဲသူများနှင့် အကျင့်ပျက်ဝန်ထမ်းများအနေဖြင့် အထူးဆင်ခြင်ကြရန် အချိန်ကာလလည်းဖြစ်ပါသည်။ မကြာမြင့်သေးမီကာလက အရေးယူခဲ့ရသော ဖြစ်ရပ်အချို့အားလည်း ပြည်သူတို့သိရှိနိုင်စေရန် အနည်းငယ်ဖော်ပြလိုပါသည်။

ပထမဆုံးတင်ပြလိုသော အမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ရေခဲစက်တစ်ခုတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် ဓာတ်အားခသက်သာစေရန် မီတာအား ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မီတာအား ပြုပြင်ဆောင်ရွက်ပေးသူ အခြားမြို့နယ်မှ ဝန်ထမ်းနှစ်ဦးနှင့်အတူ ပြုပြင်ဆောင်ရွက်ရန် စေခိုင်းသူရေခဲစက်မန်နေဂျာဖြစ်သူတို့အား လျှပ်စစ်ဥပဒေပုဒ်မ(၅၃)ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ဥပဒေပုဒ်မ(၆၃)အရ တရားစွဲဆိုထားသည့်အပြင် ရေခဲစက်ရုံအားလည်း နစ်နာကြေးငွေ သိန်းတစ်ထောင်ကျော် ပြန်လည်ပေးသွင်းစေခဲ့သော အမှုဖြစ်စဉ်ဖြစ်သည်။ ဒုတိယအနေဖြင့် စိတ်ဝင်စားဖွယ်ရာ အမှုဖြစ်စဉ်တစ်ခုကိုလည်း ဖော်ပြပေးလိုပါသည်။ အိမ်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်မှဖြစ်ကာ ပြည်ပသို့ ခရီးသွားရောက်နေပြီး နေအိမ်အား ငှားရမ်းထားခဲ့ရာ အိမ်ငှားဖြစ်သူမှ အိမ်သုံးမီတာအား ခွထောက် (By pass) ပြုလုပ်ကာသုံးစွဲခဲ့သော အမှုဖြစ်စဉ်ဖြစ်သည်။ ဥပဒေအရ အိမ်ရှင်တွင်သာ တာဝန်ရှိသဖြင့် အိမ်ရှင်ဖြစ်သူအား နစ်နာကြေးငွေ ဆယ်သိန်းကျော် ပေးသွင်းစေပြီး လျှပ်စစ်ဥပဒေအရ အမှုဖွင့်တရားစွဲဆိုထားသော ဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်(၂)ခုမှာ လက်ရှိတွင် တရားစွဲဆိုထားခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ကာယကံရှင်တို့မှ အသနားခံတင်ပြထားဆဲသာဖြစ်ပြီး အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ထားခြင်းမရှိသေးဟု သိရှိရပါသည်။ ထို့အပြင် အခြားစိတ်ဝင်စားဖွယ်ရာ အမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့)မြို့နယ်မှဖြစ်ကာ အဆောင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပါဝါမီတာမှာ Over Load သုံးစွဲ၍ လောင်ကျွမ်းပျက်စီးခဲ့ခြင်းအား မြို့နယ်လျှပ်စစ်ရုံးသို့ တရားဝင်တင်ပြခြင်းမရှိဘဲ လျှပ်စစ်ရုံးမှ နေ့စားဝန်ထမ်းများအား ငွေပေး၍ ပြုပြင်စေခိုင်းခဲ့သောဖြစ်စဉ်ဖြစ်သည်။ အဆိုပါနေ့စားဝန်ထမ်းများအား ယခုအခါ တာဝန်မှရပ်စဲထားပြီးဖြစ်သည့်အပြင် ကာယကံရှင်ကိုလည်း နစ်နာကြေးတောင်းခံရန်နှင့် အမှုဖွင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ အဆိုပါဖြစ်စဉ်များကို လေ့လာကြည့်ရှုခြင်းအားဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများအား စစ်ဆေးတွေ့ရှိလျှင် နစ်နာကြေးတောင်းခံပေးသွင်းရုံမျှဖြင့် ရရှိတော့မည်မဟုတ်ဘဲ လျှပ်စစ်ဥပဒေများဖြင့်ပါ အမှုဖွင့်တရားစွဲဆိုခံရပြီး ချက်ခြင်းအာမခံမရဘဲ အချုပ်အနှောင်ခံရနိုင်သည်ဆိုခြင်းကို ပြည်သူများ အထူးသတိပြုမိကြစေလိုပါသည်။ ဤနေရာတွင် လျှပ်စစ်ဥပဒေပုဒ်မ(၅၃)နှင့် (၆၃)တို့အား ဖော်ပြပေးလိုပါသည်။

ပုဒ်မ(၅၃) ။ ။ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ(တရားမဝင် ချိတ်ဆွဲအသုံးပြုခြင်းနှင့် လျှပ်စစ်မီတာအား မသမာပြုလုပ်၍ ဓာတ်အားခိုးယူခြင်းတို့အတွက် မပြုလုပ်ရန် တားမြစ်ထားသောပုဒ်မဖြစ်ပါသည်။)

**ဆက်လက်ဖော်ပြပါမည်။**

## စက်တင်ဘာလအတွက် ပင်စင်လစာငွေများ မြန်မာ့စီးပွားရေးဘဏ်များတွင် ထုတ်ပေး

**မန္တလေး စက်တင်ဘာ ၂၃**

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်များတွင် ရုံးဖွင့်ရက် ၂၃ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် ဘဏ်ဖွင့်ရက်များတွင် လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ပင်စင်လစာငွေကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လိုအပ်ချိန်တွင် အဆိုပါ ငွေစာရင်းမှထုတ်ယူခြင်း၊ ATM စာရင်းဖွင့်၍ ATM စက်မှထုတ်ယူခြင်း၊ Myanmar Mobile Money စနစ်နှင့် Wave Money စနစ် အသုံးပြု၍ နီးစပ်ရာအေးဂျင့်များတွင်လည်း ထုတ်ယူနိုင်သည်။

မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လစာငွေ စတင်ထုတ်ပေးသည့် ၂၃ရက် တစ်ရက်တည်းတွင် လာရောက်ထုတ်ယူခြင်းကြောင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းများ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသဖြင့် ဘဏ်ခွဲများတွင် ငွေပေးကောင်တာများ တိုးချဲ့ခြင်း၊ စက်တင်ဘာလအတွက် ပင်စင်လစာထုတ်ယူရမည့် နေ့ရက်နှင့်အချိန် သတ်မှတ်ထားသည့် တိုကင်များကို ပင်စင်စားများထံ ဖြန့်ဝေပေးခဲ့ပြီး အငြိမ်းစားများ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းထုတ်ယူရန် မလိုဘဲ တိုကင်တွင် ဖော်ပြထားသော စက်တင်ဘာလ ဘဏ်ဖွင့်ချိန်တွင် လာရောက်ထုတ်ယူခြင်းဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ခြင်း၊ Centralized/e Pension စနစ်ဖြင့် မန္တလေးမြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)နှင့်မြန်မာနိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲ(၁၄၇) တို့တွင်လည်းထုတ်ယူခွင့် အခမဲ့ဖြင့် ပြောင်းလဲထုတ်ယူနိုင်ကြရာ မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်းနေထိုင်လာကြသော အငြိမ်းစားများလည်း ဘဏ်ခွဲများတွင် စနစ်တကျ တန်းစီထုတ်ယူနေကြကြောင်း သိရသည်။



**(ဝဲပုံ)(၀၄၅)**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းနိုင်ဦးဆောင်၍ စက်တင်ဘာ ၁၉ရက် နံနက် ၇ နာရီခွဲမှ ၉နာရီအထိ ရွှေသက်လွတ် ဘုရားဝင်းအတွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ သရက်မြို့မ စခန်းမှူး၊ သတင်းရဲတပ်ဖွဲ့မှူး၊ အမှတ်(၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူးနှင့်တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် မိသားစုများ စုစုပေါင်းအင်အား ၇၂ဦးဖြင့် ဘုရားဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားရင်ပြင်တော်၊ ဆင်းတုတော်နှင့်စေတီပတ်လည် သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## ကြက်ခြေနီမှရွှေ့လျားဆေးခန်းဖွင့်လှစ် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဒေါက်တာသိန်းထွန်းဆောင် ဦးဆောင်သော ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည် မြစ်သားမြို့နယ် ကြက်ခြေနီ အသင်းခွဲဥက္ကဋ္ဌ ဦးတင့်လွင်ဦး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စက်တင်ဘာ ၂၁ရက်က ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ လုပ်သားကြေးမုံခန်းမတွင် ရွှေ့လျားဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။**(ယာပုံ)**

အဆိုပါဆေးခန်းတွင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း(မန္တလေး)နှင့် မြို့တော်ဆေးရုံတို့မှ အထူးကုဆရာဝန်များဖြင့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ လိုအပ်သော ဆေးဝါးများပေးခြင်းတို့ကို နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ဆောင်ရွက်ပေးရာ မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဆောင်သည့် မြို့နယ်ကြက်ခြေနီ စေတနာ့လုပ်အားရှင်များကလည်း အရေးပေါ်လူနာများအား ဆေးရုံသို့ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ပေးခြင်းနှင့်လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့သည်။ **မောင်ပြည်သူ**



## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲပြုလုပ်

**အမရပူရ စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊အမရအောင်မြေခန်းမတွင် ယမန်နေ့ နံနက် ၁၀နာရီက တာဝန်ရှိသူများက KG + 12 တက်ရောက်နေသည့် ကျောင်းသားများသည် အသက် ၁၇နှစ်၊ ၁၈ နှစ် အရွယ်ဖြစ်ပြီး KG+12 ပြီးလျှင် အသက် ၁၈နှစ်ထဲသို့ ရောက်ရှိမည်ဖြစ်ရာ အသက်အရွယ်အရ မဲပေးရန် အကျုံးဝင်နိုင်သူများ ဖြစ်လာနိုင်၍ ၎င်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့နှင့် ပတ်သက်၍ သိရှိအောင်ဆောင်ရွက်ပေးရန် လမ်းညွှန်မှုအရ အခြေခံပညာအထက်တန်းအဆင့် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ သိကောင်းစရာ ဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ်ပညာရေးမှူးက ကျောင်းသား၊ ကျောင်းသူများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း အဆင့်ဆင့်ကို လွှတ်လပ်ရေးမရမီ၊ လွှတ်လပ်ရေးရပြီးခေတ် ဆောင်ရွက်ခဲ့ပုံတို့ကို ဖွဲ့စည်းပုံအခြေခံပါ ဥပဒေများထဲမှ သိသင့်သိထိုက်သော အချက်များကို Projector ဖြင့် ရှင်းလင်းပြောကြားပေးခဲ့သည်။

ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပါအကြောင်းအရာများမှ ကျောင်းသား၊ကျောင်းသူများ သိသင့်သိထိုက်သော ရွေးကောက်ပွဲကော်မရှင်အကြောင်းအရာများ၊ မဲပေးခြင်း အခန်းကဏ္ဍများကိုလည်း Projector ဖြင့် ရှင်းလင်းဆွေးနွေးပေးခဲ့ရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၈၄)**



## နတ်မောက်ရေလှောင်တမံရေပိုလွှဲမှ( ၄ ဒသမ ၉ )ပေ ဆက်လက်ရေကျော်ကျလျက်ရှိ

**နတ်မောက် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ စက်တင်ဘာလဆန်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စက်တင်ဘာ ၂၃ရက် နံနက် ၈နာရီတွင် ဆည်ရေတိုင်းထွာချက်အရ ရေပြည့်အမှတ်ထက် ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

နတ်မောက်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၈၃ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၈၇ ဒသမ ၉ပေ ရှိသည့်အတွက် ရေပိုလွှဲမှ ၄ ဒသမ ၉ပေ ရေကျော်ကျလျက်ရှိပြီး ဆည်၏ ဆက်စပ်အဆောက်အအုံများမှာ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာ အခြေအနေမရှိကြောင်းနှင့် ဆည်အောက်ပိုင်း ချောင်းတစ်လျှောက်ရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။ **(၄၆၅)**



## ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်အသုံးပြုသည့် မြင်းကောင်ရေ ၂ဒသမ၅နှင့်အထက် လေအေးပေးစက်များကို နိုဝင်ဘာလမှစတင်၍ တင်သွင်းခွင့်မပြု

**မန္တလေး စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးမှုကာကွယ်ထိန်းချုပ်ရန် ဟိုက်ဒရိုကလိုရိုဖလူရို ကာဗွန်အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅(21000 BTU/hr)နှင့် အထက် စွမ်းအားရှိသော လေအေးပေးစက်များ၊ Commercial Refrigerator များ၊ Cold Storage များနှင့် Chiller များကို ၂၀၂၄ခုနှစ်၊ နိုဝင်ဘာ ၆ ရက်မှ စတင်၍ တင်သွင်းခွင့် မပြုတော့ကြောင်း သိရသည်။

အဆိုပါ လေအေးပေးစက်များတွင် အသုံးပြုသော ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/R-22)သုံးစွဲမှု လျှော့ချရပ်ဆိုင်းနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဩဂုတ် ၉ ရက်က အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည်ဟု ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် တာဝန်ရှိသူက ပြောသည်။

"ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန်( HCFCs )အသုံးပြုတဲ့ မြင်းကောင်ရေ ၂ ဒသမ ၅ (21000 BTU/ hr)နဲ့အထက် စွမ်းအားရှိ လေအေးပေးစက်တွေ၊ အကြီးစား လေအေးပေးစက်တွေ ပြည်တွင်းတင်သွင်းမှု ထိန်းချုပ်တာက ကမ္ဘာ့အိုဇုန်းလွှာထိန်းချုပ်ကာကွယ်ရေးမှာ ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်။ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းတွေ ထုတ်လုပ်သုံးစွဲမှုရပ်ဆိုင်းအောင် ကြိုးစားကြရမှာပါ"ဟု ၄င်းက ပြောသည်။

ကမ္ဘာ့အိုဇုန်းလွှာ ထိခိုက်ပျက်စီးခြင်းမှာ လူသားတို့ ထုတ်လုပ်သော ကလိုရင်းနှင့်ဘရိုမင်းကဲ့သို့သော ဓာတ်ငွေ့များကြောင့် ထိခိုက်ပျက်စီးခြင်းဖြစ်ပြီး အိုဇုန်းလွှာ ထိန်းသိမ်းရေးအတွက် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ရည်မှန်းချက်အောင်မြင်ရန် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်ခြင်းတွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

"ရေခဲသေတ္တာ၊လေအေးပေးစက်နဲ့ ရေမြှုပ်ထုတ်ကုန်တွေမှာ သုံးတဲ့ ကလိုရိုဖလူရိုကာဗွန်၊ မီးသတ်ဆေးဘူးနဲ့ ပိုးသတ်ဆေးမှာ အသုံးပြုတဲ့ မီသိုင်းဗရိုမိုဒ် စတဲ့ ဒြပ်ပစ္စည်းတွေက ထွက်လာတဲ့ ဓာတ်ငွေ့တွေက အိုဇုန်းလွှာကို ပျက်စီးစေတယ်။ အဲဒီပစ္စည်းတွေ သုံးစွဲတဲ့အခါ အိုဇုန်းလွှာကို အန္တရာယ်ဖြစ်စေတဲ့ HCFC ကင်းလွတ်နဲ့ စွမ်းအင်ချွေတာမှု အမှတ်အသားတွေကို ဂရုပြုရပါမယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် သုံးစွဲမှုလျှော့ချနိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၄ရက် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာဖြင့် မြင်းကောင် ရေ ၂ ဒသမ ၅ အောက် အင်အားရှိ လေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းခွင့်တားမြစ်ခဲ့သည်ဟု ဆိုသည်။

(မန္တလေးနေ့စဉ်-၉)



## ခရိုင်ချင်းဆက်လမ်း ပျက်စီးမှုအပိုင်း ပြန်လည်ပြုပြင်

**မိတ္ထီလာ စက်တင်ဘာ ၂၃**

ပြီးခဲ့သည့် စက်တင်ဘာ ဒုတိယပတ်အတွင်း ရွာသွန်းခဲ့သည့် မိုးသည်းထန်မှုကြောင့် မိတ္ထီလာခရိုင်နှင့် သာစည်ခရိုင်ကို ဆက်သွယ်ထားသည့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ၁၀၂ မိုင် ၂ ဖာလုံနှင့် ၃ဖာလုံကြား လမ်းပိုင်းမှာ ရေတိုက်စားပျက်စီးခဲ့သည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူပြုပြင်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ပြီးစီးခဲ့ပြီးဖြစ်၍ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု ပုံမှန်ပြန်လည်ကောင်းမွန်နေပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၄)





## ကျေးလက်တောရွာများ၏ ချစ်စရာဓလေ့နှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဆံကေသာဆံရစ်ဝိုင်းအလှ

ကျေးလက်တောရွာများတွင် ချစ်စရာဓလေ့နှင့် ရိုးရာယဉ်ကျေးမှုများ၊ သဘာဝအလှအပများနှင့် ယဉ်ကျေးမှုအနုပညာလက်ရာများမှာ များစွာတည်ရှိပေရာ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာသည် ရှေးနှစ်ပေါင်း ၂၀၀ကျော်မှ ယနေ့တိုင် ဆံကေသာဆံရစ်ဝိုင်းပုံကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းခဲ့သော ကျေးရွာဖြစ်ပြီး၊ မိန်းကလေးများနည်းတူ ယောကျ်ားလေးများပါ ထားရှိကြသည်။

ထိုရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ဖော်ဆောင်ပြသထားသော ကျေးလက်တောရွာများမှ မောင်မယ်လေးများ၏ ဆံရစ်ဝိုင်းပုံ ဆံပင်ပုံစံသည် ယဉ်ကျေးသိမ်မွေ့၍ ကျက်သရေရှိကာ နှစ်လိုဖွယ်ရာကောင်းပြီး မြင်သူတကာတို့၏ စိတ်ဘဝင်ကို ကြည်နူးစေသောကြောင့် ကမ္ဘာကပင် လေးစားအားကျ ဂုဏ်ယူလောက်သည့် ပုံစံမျိုးဖြစ်ပေသည်။ ထိုကဲ့သို့ ရှေးခေတ်ယဉ်ကျေးမှုများကို ဖော်ကျူးပြသနေသော ဆံပင်ပုံစံနှင့်လျော်ညီသည့် ဆံရစ်ဝိုင်းအလှကို ပိုင်ဆိုင်ထားသူများမှာ ရှားရှားပါးပါး မြန်မာနိုင်ငံတွင် ကျေးရွာသုံးရွာသာရှိပြီး မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းရွာ၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စက်စက်ယိုကျေးရွာနှင့်မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ မောင်မယ်လေးများပင် ဖြစ်သည်။

ဓမ္မပဒ အဋ္ဌကထာလာ ကောင်းခြင်းငါးဖြာဟူသည် ဆံပင်၏ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်းဟူ၍ ကောင်းခြင်း ငါးဖြာရှိပေရာ ဆံပင်၏ ကောင်း ခြင်းသည်လည်း အလွန်ဂုဏ်ယူဖွယ်ရာ ကောင်းလှပေရာဆံကေသာ အလှကို ယောကျ်ားတို့ဘုန်း လက်ရုံးမိန်းမတို့ဘုန်းဆံထုံး ဟူ၍ပင် ညွှန်းဆိုထားကြပြန်သည်။ ဆံရစ်ဝိုင်းအလှသည် ကမ္ဘာ့အလယ်တွင် ဝံ့ထည်စွာ ချပြနိုင်လောက်သော အလှတရားများ ဖြစ်သကဲ့သို့ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခု ဖြစ်တာကြောင့် တန်ဖိုးထားပြီး မပျောက်မပျက်၊ မတိမ်ကောရလေအောင် ယနေ့၊ ခေတ် မောင်မယ်လေးများက ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပေတော့သည်။

(၅၀၄)

## စက်မှုကုန်ကြမ်းလိုအပ်ချက်များသည့် ရော်ဘာစိုက်ပျိုးခြင်းဖြင့်နိုင်ငံခြားဝင်ငွေတိုးမြင့်ရရှိမည်

စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်များသည့် ရော်ဘာကို ပြည်တွင်းမှာ စီးပွားဖြစ် စိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြင့်ရရှိစေမည်။

ပြည်တွင်းထွက်ရှိသည့် ရော်ဘာကို ပြည်ပသို့ စက်မှုကုန်ကြမ်းအဖြစ်သာ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး ပြည်တွင်းစက်မှုလုပ်ငန်းများသို့လည်း အနည်းငယ် ရောင်းချလျက်ရှိကြောင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများထံက သိရသည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးပြီး ရန်ကုန်၊ပဲခူး၊ဧရာဝတီတိုင်းဒေသကြီးတို့တွင် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လျက် ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်သည် ပုသိမ်-မုံရွာကားလမ်းဘေးတွင် မြေလွတ်မြေရိုင်းများစွာ ရှိသည့်အလျောက် တောင်ကုန်းတောင်တန်းများတွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းပြီး စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ရော်ဘာစိုက်ဧက ၄၇၀၀ကျော်ကို ကုမ္ပဏီပိုင်နှင့် ပုဂ္ဂလိက တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက် ရှိသည်။

ထိုသို့ စိုက်ပျိုးရာတွင် တစ်ဧကလျှင် ပင်ကြား ၁၀ ပေ၊ တန်းကြား ၂၄ပေ ထားရှိပြီး ရော်ဘာ ၂၀၁ပင် စိုက်ပျိုးနိုင်သည်။

အပင်သက်တမ်း ခုနှစ်တွင် ရော်ဘာပင်၏ အောက်ခြေမှ ၄၈ လက်မ အမြင့်တွင် အချင်း ၁၈ လက်မရှိပါက ရော်ဘာအစေးခံယူနိုင်ပြီး လက်ရှိ လေးမျက်နှာမြို့နယ်တွင် ကုမ္ပဏီများမှ ရော်ဘာအစေးခြစ်လျက်ရရှိသည့် ဧက ပေါင်း ၂၁၀၀ ကျော် ရှိသည်။

အထွက်နှုန်းကောင်း ရော်ဘာမျိုးများမှာ (BBM-24) ၊(2000-စီးတီး) ၊ (39-35) မျိုးနှင့် (260) တို့ဖြစ်သည်။

ရော်ဘာအစေးခံယူရာတွင် စက်တင်ဘာဒုတိယသီတင်းပတ်မှ မတ်လဒုတိယသီတင်းပတ်အထိ ခြောက်လဆက်တိုက် အစေးခံယူနိုင်ပြီး ရော်ဘာပင် အရွက်ပောင်းများကြွေ၍ ရွက်သစ်အနုထွက်ချိန်တွင် တစ်လခွဲခန့် အစေးခံခြင်းကိုရပ်နားထားပြီး ရော်ဘာခြံများတွင် မီးတားလမ်းများ ပြုလုပ်ရှင်းလင်းထားရသည်။ ဧပြီလ တတိယသီတင်းပတ်တွင် ရော်ဘာစေးခံခြင်းလုပ်ငန်းကို ပြန်လည်စတင်ခဲ့ပြီး ဖွန်လ မိုးများသော ကာလတွင် အစေးခံခြင်းကိုရပ်နားပြီး ရော်ဘာခြံအတွင်း ပေါင်းမြက်ရှင်းခြင်း၊ဓာတ်မြေဩဇာ ထည့်သွင်းခြင်း စသည်တို့ကို ဆောင်ရွက်ကြရသည်။

ရော်ဘာအပင်မှ အစေးများကို အခဲအဖြစ် ပြုပြင်၍ လူသုံးကုန်ပစ္စည်းများတွင် အသုံးပြုသည့် အတွက် အလွန်အသုံးဝင်သော စက်မှုကုန်ကြမ်းဖြစ်သည့်အလျောက် ယခုအခါ ရော်ဘာဈေးနှုန်းမှာ တစ်ပေါင်လျှင် ငွေကျပ် ၃၀၀၀ အထိ ဈေးကောင်း ရရှိနေသည်။ ရော်ဘာကုန်ကြမ်းများကို အရည်အသွေးအလိုက် အဆင့် သုံးမျိုးခွဲ သတ်မှတ်ထားသည်။

ထွက်ရှိလာသည့် ရော်ဘာကုန်ကြမ်းများကို ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ရော်ဘာပင်သည် နှစ်ရှည်ပင်ဖြစ်၍ နှစ် ၃၀ခန့် ဆက်တိုက် ရော်ဘာစေးခြစ်ထုတ်လုပ်နိုင်သဖြင့် စီးပွားရေးတွက်ခြေကိုက်သလို ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပေးနိုင်ကာ နိုင်ငံခြားဝင်ငွေရရှိသည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးရုံးကွပ်ကဲမှုအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီက မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ နမ္မဒါဘိုးဘွားရိပ်သာဝင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးမောင်မောင်၊ ဒုခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခိုင်စိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ဝင်းတို့ ဦးဆောင်ပြီး ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့၊ မြို့မရဲစခန်းများ၊ နယ်မြေရဲစခန်းအသီးသီးမှ တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုဝင်များက နမ္မဒါဘိုးဘွားရိပ်သာဝင်းအတွင်း၌ ချုံနွယ်များ၊ ပေါင်းမြက်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စုစုပေါင်းအင်အား ၁၅၀ ဦးခန့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၅၀၀)**

## သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကွင်းဆင်းလေ့ကျင့်

**ခန္တီး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကွင်းဆင်းလေ့ကျင့်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ရာ ခန္တီးမြို့နယ်တွင် ကောက်ကွက်ပေါင်း ၁၁၁ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၄၅ဦးတို့ဖြင့် ကောက်ယူသွားမည် ဖြစ်သည်။

ခန္တီးခရိုင်အဆင့်နည်းပြနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၃ရက်မှစ၍ သင်တန်းပြုလုပ်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက် နံနက်က လက်တွေ့ကွင်းဆင်းစာရင်းကောက်ယူခဲ့ခြင်း ဖြစ်သည်။

လက်တွေ့ကွင်းဆင်းစာရင်းကောက်ယူရာတွင် နည်းစနစ်မှန်ကန်ပြီး အဆင်ပြေချောမွေ့စွာ ကောက်ယူနိုင်ရန်အတွက် လက်တွေ့ ကွင်းဆင်းလေ့ကျင့်ခြင်းကို နည်းပြဆရာ၊ဆရာမသုံးဦးက ဦးဆောင်၍ သင်တန်းသား၊ သင်တန်းသူများအား အဖွဲ့(၃)ဖွဲ့ခွဲကာ ခန္တီးမြို့၊ မြို့မ၊ ပေါမိုင်း၊ ဇီးဖြူကုန်းရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။

လက်တွေ့ကွင်းဆင်း လေ့ကျင့်ခြင်းကို ခန္တီးခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၉၄)**



## ဇေယျာသီရိမြို့နယ် ကျေးရွာသုံးရွာရှိ ရေတွင်း ၆၂တွင်းအား တွင်းဆေး တွင်းမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ရေကြီးနစ်မြုပ်ခဲ့သည့် ရှမ်းရွာ၊ အလယ်ရွာကျေးရွာနှင့် ရွာသစ်ကြီးကျေးရွာရှိ ရေတွင်း ၆၂တွင်းအား တွင်းဆေး တွင်းမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ရေတွင်းများအား တွင်းဆေး တွင်းမှုတ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ တွင်းဆေး တွင်းမှုတ်ခြင်းလုပ်ငန်းများကို ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ရှမ်းရွာကျေးရွာရှိ ရေတွင်း ၆တွင်း၊ အလယ်ရွာကျေးရွာရှိ ရေတွင်း ၁၁တွင်းနှင့် ရွာသစ်ကြီးကျေးရွာရှိ ရေတွင်း ၄၅တွင်း၊ စုစုပေါင်း ရေတွင်း ၆၂တွင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**နေဝ်လူး**



## မွေးမြူရေးဘဏ်စနစ်ဖြင့် မျိုးကောင်းမျိုးသန့် ဒေသနွားမများ ပေးအပ်

**မိုးနဲ စက်တင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မေထုန်မဲ့သားစပ်စီမံချက်အရ မွေးမြူရေးဘဏ်စနစ်ဖြင့် မျိုးကောင်းမျိုးသန့်ဒေသနွားမများ ပေးအပ်ခြင်းကို နားခံကျေးရွာအုပ်စု ပန်အူကျေးရွာ၌ ယမန်နေ့ နံနက် ၁၀ နာရီက ပေးအပ်ခဲ့သည်။



ရှေးဦးစွာ နမ့်စန်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအမ်ဇော်မိုင်နှင့် မြို့နယ်မွေးမြူရေးဘဏ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာညွန့်နိုင်က မျိုးကောင်းမျိုးသန့် ဒေသနွားမများ ပေးအပ်ရခြင်းနှင့် ဆက်လက်မွေးမြူရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နွားစာအဖြစ် စိုက်ပျိုးရန် မွန်ဘားဆားမြက်မျိုးစေ့များကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး နွားမမွေးမြူမည့် တောင်သူ ၁၀ ဦးအား တစ်ဦးလျှင် တစ်ကောင်နှုန်းဖြင့် မျိုးကောင်းမျိုးသန့်ဒေသနွားမ ၁၀ ကောင်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲသီးနှံ ၃၁၈၅ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်အတွက် စားတော်ပဲသီးနှံစိုက်ဧက ၃၁၈၅ ဧကလျာထား စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

"ယခုလာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ပဲမျိုးစုံသီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ စားနပ်ရိက္ခာဖူလုံစေဖို့အတွက် ရည်ရွယ်ပြီး စားတော်ပဲသီးနှံစိုက်ဧက ၃၁၈၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဆောင်းသီးနှံစားတော်ပဲကို ဒေသခံတောင်သူတွေက နိုဝင်ဘာလမှာ စတင်စိုက်ပျိုးသွားမှာဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးဖို့ ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



သီးနှံအထွက်နှုန်း ကောင်းမွန်စေဖို့အတွက်ကိုလည်း ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့နဲ့ ပိုးမွှားကျရောက်မှုတွေ မဖြစ်စေဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စားတော်ပဲသီးနှံဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်လို့ ဈေးကွက်ရှိပြီး တောင်သူတွေအတွက် သီးနှံဝင်ငွေလည်း တွက်ခြေကိုက်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများက (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်အတွက် စားတော်ပဲသီးနှံ အပါအဝင် ကုလားပဲ၊ ထောပတ်ပဲ၊ မတ်ပဲ၊ ပဲကြီး၊ ပဲလွမ်း၊ ပဲကြား၊ ပဲနောက်၊ ပဲယင်း၊ ပဲပုပ် စသည့် ပဲမျိုးစုံသီးနှံ ၄၁၈၀၀ ဧက လျာထား စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**(ဓပုံ)(၄၄၅)**

သစ်ပင်စိုက်ပါ

တို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ။



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ဆင်ပေါင်ဝဲမြို့ ဘုရားငါးဆူစေတီတော်မြတ်ကြီးအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်မြင့် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၂၃ ဦးတို့က ဆင်ပေါင်ဝဲမြို့ ဘုရားငါးဆူစေတီတော်မြတ်ကြီးအတွင်း၌ အမှိုက်များရှင်းလင်းခြင်း၊ ဘုရားပန်းအိုးများ ရေလဲလှယ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့ ။**

## လှူဒါန်းရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအသိပညာပေး Talk Show ဆောင်ရွက်

**သရက် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၃နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝမ်းထွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်ဝင်းတို့က ၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်းဆိုသည့် အဓိပ္ပာယ် မြန်မာနိုင်ငံရဲ့ သန်းခေါင်စာရင်းကောက်ယူခဲ့တဲ့သမိုင်းကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမည့်နည်းလမ်း၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်နဲ့ သန်းခေါင်စာရင်းကို ဘယ်အချိန်မှာ ကောက်ယူမလဲ၊ Tablet နှင့် ကောက်ယူမည့် စာရင်းကောက်တွေကို ဘယ်လိုသင်တန်းပေးပါသလဲနှင့် သန်းခေါင်စာရင်းကောက်ယူရာမှာ မေးခွန်းဘယ်လောက်မေးမှာလဲ၊ သရက်မြို့အနေနဲ့ သန်းခေါင်စာရင်းကောက် ကွက်ပေါင်း ဘယ်လောက် စာရင်းစစ်၊စာရင်းကောက် ဘယ်လောက်နဲ့ ဖွဲ့စည်းထားပါသလဲတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။(အောက်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## လှတိုင်းရကြ သံဝေဂ

* အိုနာသေခြင်း ဒုက္ခတွင်းမှ
လွတ်ကင်းလိုလျှင် မသေခင်ဝယ်
ကြိုတင်ဆောင်ရွက် အဘက်ဘက်က
မပျက်သီလ လှူဒါန်နှင့်
ဘာဝနာပွား စိတ်ကောင်းထားလျှင်
သေသွားသော်လည်း အပါယ်လွဲ၍
ငရဲမကြောက် နိဗ္ဗာန်ရောက်လိမ့် ။

* မကောင်းမှုရှောင် ကောင်းမှုဆောင်၍
ဖြူအောင်စိတ်ထား တစ်ဖက်သားပေါ်
လေးစားအစဉ် မေတ္တာဝင်လျက်
ချစ်ခင်ကြင်နာ ကရုဏာဖြင့်
ချိုသာဆက်ဆံ စိတ်ရင်းမှန်လျှင်
ကောင်းကံတွေ့ရ ဘေးဒုက္ခတို့
မုချမကြုံ သန္တိဘုံတည်း ။

* အတ္တကိုတု ငါစွဲပြုသော်
ယခုဘဝ ထိုခဏ၌
ဖြစ်ကြစီးပွား ဥစ္စာများလည်း
ကောင်းစားမကြာ သက်တိုကာရယ်
သေရွာသို့နင်း ငရဲတွင်းသို့
သက်ဆင်းဆိုက်ရောက် မလွတ်မြောက်ဘဲ
ထွက်ပေါက်မရှိ ဝဋ်ကြွေးပိမည် ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

## အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ် လူငယ်မျိုးဆက်သစ်များကို အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့် အလေ့အထနှင့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်သည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်၊ထိုမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းကျိုးများစွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလူရည်ချွန်များ ထွက်ပေါ်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးမျိုးဝင်းဦးက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီဝင်းသူက ပညာ၏တန်ဖိုးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူးက အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းနှင့် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(ဝ၅၆)



# သတင်းပဒေသာ

## သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွဲခန်းမ၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ သဖန်းကုန်းကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများအား ယမန်နေ့နံနက် ၉ နာရီက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဆောင်ရွက်ပေးခြင်းကို တောင်တွင်းကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နေဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အာဟာရတိုက်ကျွေးခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းပြီး ဗလငါးတန်နှင့်ပြည့်စုံ၍ ပညာရေးတွင် ထူးချွန်သည့် လူငယ်လူရွယ်များဖြစ်လာစေရန်ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ unjin Myanmar Company မိုးရိပ်ရှမ်းတောင်ပရဟိတအသင်း၊ ကရဏာရှင် လူမှုကူညီရေးအသင်းနှင့် ရောင်စုံပန်းခင်း လူမှုကူညီရေးအသင်းတို့ပူးပေါင်းပြုလုပ်သော School Milk Program အစီအစဉ်ဖြင့် အာဟာရတိုက်ကျွေးခြင်းအား ယမန်နေ့ မွန်းလွဲ ၂ နာရီက နမ့်လစ်ကျေးရွာအုပ်စု၊ လွယ်စန့်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ မြို့သစ်မြို့၊ မင်းရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်းသို့ ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်၍ စာဖတ်ရှိန်မြှင့်တင်ရေး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေး နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၁ ရက်မှ စတင်၍ နမ့်လတ်ချောင်းအနီးဝန်းကျင်နှင့် အနိမ့်ပိုင်းရှိ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များ ရေနစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ရေများပြန်လည်ကျဆင်းပြီဖြစ်၍ အဆိုပါနေရာများတွင် သန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မေတ္တာစံအိမ်(ပရဟိတဖောင်ဒေးရှင်း)မှ ကူမဲ၊ မြစ်သား၊ ကျောက်ဆည် ရေဘေးသင့်ပြည်သူများထံသို့ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ပြင်ဦးလွင် စက်တင်ဘာ ၂၃**

ပြင်ဦးလွင်မြို့၊ မေတ္တာစံအိမ် (ပရဟိတဖောင်ဒေးရှင်း)မှ ကူမဲမြို့၊ မြစ်သားမြို့၊ ကျောက်ဆည်မြို့များရှိ ရေဘေးသင့်ပြည်သူများထံသို့ စက်တင်ဘာ ၂၂ ရက်က စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့သည်။

လှူဒါန်းမှုတွင် မေတ္တာစံအိမ် (ပရဟိတဖောင်ဒေးရှင်း)တည်ထောင်သူ ဒေါ်ချောအိသီတာနှင့် အဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူ ၂၀၃ ဦးအား ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်ဘူး၊ တစ်ရှူးထုပ်၊ မုန့်၊ ရေသန့်၊ ခတ်ဆား၊ ဆပ်ပြာဆီဘူး၊ ဖယောင်းတိုင်၊ မီးခြစ်၊ ခြင်ဆေးခွေဘူး၊ ဖိနပ်၊ ခေါင်းအုံး၊ စောင်တို့အား လှူဒါန်းပေးကြပြီး ယခုလှူဒါန်းမှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ၂၈လမ်းနှင့် ၂၉ လမ်းကြားနေ ကွယ်လွန်သူ ရဲအုပ်မောင်မောင်တင့် (၁၁)နှစ်ပြည့် အား ရည်စူး၍ (ဇနီး) ဒေါ်စန်းစန်းမော်၊ (သမီး) မစုဝတီတင့်၊ မဖြိုးဝတီတင့် မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ဆယ်သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမေ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (အပေါ်ပုံ)

(ကဆ)



## စိန်ရွှေရတနာနှစ်ထပ်ကျောင်းဆောင် သစ်ပန္နက်ရိုက်မင်္ဂလာ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အိုင်ကြီးအုပ်စု၊ တောတွင်းကျေးရွာ၊ ဓမ္မဓရ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်အတွင်းရှိ စိန်ရွှေရတနာနှစ်ထပ်ကျောင်းဆောင် သစ်ပန္နက်ရိုက်မင်္ဂလာကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျောင်းတိုက်တွင် ကျင်းပရာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ရွှေကြေးစည် ဆရာတော် ဘဒ္ဒန္တပညာဝရ(သာသနဓဇဓမ္မာစရိယ)(B.A. M.A)ပဓာနနာယကဆရာတော်နှင့် ပင့်ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး TLP, PBCA, NLP သင်တန်းသား ညီကိုမောင်နှမ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ပရိသတ်က သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ကျောင်းဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်တော်မူကြပြီး မင်္ဂလာအချိန်တွင် ခုနစ်ရက်သားနေ့နံအလိုက် ထောင့်များတွင် ပန္နက်ရိုက်ခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ)

(ကဆ)



## ကျောက်ဆည်နှင့် မြစ်သားမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ တစ်ဆင့် ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးယုတင်နှင့် ဇနီး ဒေါ်နန်းသီတာဝင်း မိသားစုက အိမ်သုံးဆားအထုပ် ၅၀ ပါ အိတ်ကြီး နှစ်အိတ်၊ရှူးရှဲလက်ဖက်အတွဲ ၁၀၀ ပါ တစ်ပါကင်၊ အဝတ်အထည်အစုံ ၇၀ ထုပ်၊ အဝတ်လျှော်ဆပ်ပြာ ၇၀ ထုပ်တို့ကိုလည်းကောင်း၊ Baby CentrePreschool&Private Primary School မှ ရေသန့် ၃၂ ကတ်၊ ဆေးမျိုးစုံ၊ ဖိနပ်ဆိုဒ်စုံ၊အင်္ကျီတစ်ပုံးတို့ကို လှူဒါန်းရာမန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ရေဘေးသင့် ပြည်သူများထံသို့ ဆေးဝါး၊ အစားအသောက်၊ ငွေကြေးနှင့် အဝတ်အထည်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၂၀၅ ၁၃၅၄၊ ဖုန်း ၀၉-၉၇၇၁၁၅၆၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကဆ)

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်နေ ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၊ ရွှေဖြူကုမ္ပဏီလီမိတက် မိသားစုများ၊ ပရဟိတရွှေညီကို အသင်းမိသားစုများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလှူဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက်က မစိုးရိမ်တိုက်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ ရေဘေးသင့်ပြည်သူများအတွက် လောကအလင်း ဆရာတော် ဘဒ္ဒန္တသုမနအား ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မစိုးရိမ်တိုက်သစ် ဓမ္မသဟာယကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသအား အလှူငွေကျပ် သိန်း ၁၁၀ ကိုလည်းကောင်း မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးနေမင်းဦးနှင့်ဇနီး ဒေါ်ယုယုဇော် မိသားစုတို့က ရေဘေးကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးသန်းဌေးက လက်ခံရယူသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသက ရေစက်ချတရားချီးမြှင့်ကြောင်း သိရသည်။(ကဆ)

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

**နိုင်ဗလ**

၂၁-၉-၂၀၂၄ (စာမျက်နှာ-၆)မှအဆက်

အလုပ်ကများသည်။ အဓိကအဆောက်အအုံမှာ ၈၂လမ်းနှင့် ၂၆လမ်းထောင့်မှ တပ်မတော်ကုန်တိုက်အဆောက်အအုံဖြစ်သည်။ သတ်မှတ်ရက်အတွင်း အပ်နှံရတော့မည်။ အချောသပ်လုပ်ငန်းများ လုပ်ကိုင်နေရပြီး တံခါး၊ သော့အုံ၊ မင်းတုံး၊ မှန်ချပ်များမှအစ အသေးစိတ်ပစ္စည်းများ ထုတ်ပေးနေရသည်။ စာရင်းဇယားပိုင်းကအစ တိကျသေချာအောင် ချုပ်ရ၊ လုပ်ရပြီ ဖြစ်သည်။ တာဝန်ခံဖြစ်သူ သက်သာစေရန် နေရာစုံ၊ ထောင့်စုံမှ လုပ်ပေးနေရသည်မှာ မအား၊ ၂၇လမ်းနှင့် ၂၈လမ်း တိုက်တန်းကလည်း ပန်းရံပိုင်းပြီးလုပြီ။ ကိုယ်က ပထမထပ်တွင် နေသည်။ အပေါ်ဆုံးထပ် စလစ်ပြင်ပေါ်တွင် ပန်းရံအဖွဲ့များ ရာနှင့်ချီ၍ ညအိပ် ညနေ နေကြသည်။ ဆေးသုတ်အဖွဲ့က ၂၀ ဦးခန့် ရှိသည်။ အုပ်ချုပ်မှုကိစ္စက များလွန်းသည်။

ကျောင်းလည်းမှန်အောင် မတက်နိုင်၊ အလုပ်ခွင်အတွင်း တာဝန်ပိနေသည်။ သက်ဆိုင်ရာ အင်ဂျင်နီယာများ မနားမနေလုပ်ကိုင်နေချိန်တွင် ကိုယ်ကလည်း သံမှအစ သဲအဆုံး၊ ဘိလပ်မြေစာရင်းပါမကျန် အသေးစိတ်လုပ်ရသည်။ ငွေစာရင်းလည်း အပြီးသတ် ကိုယ်ပင်ဆွဲရသည်။ လစာငွေကိစ္စလည်း ကြိုတွက်ထားရသည်။ သူငယ်ချင်း လှသူ ရောက်လာ၍ တော်တော့သည်။ ရှေ့ပိုင်းက စတိုမင်းလုပ်သွားသော စာရင်းဇယားများကို ပြန်စစ်၊ ပြန်ညှိရသည်။ လွဲချော်နေသည်များကို ပြန်ညှိပေးရသည်မှာ ပင်ပန်းသလောက် တာဝန်လည်းကြီးကြောင်း စာရင်းကိုင်များတိုင်း သိရှိပေသည်။ ကိုယ်လုပ်ထားသော အလုပ်မဟုတ်သဖြင့် ပိုခက်ခဲခြင်းဖြစ်သည်။ ငှက်ဖျားက တစ်စခန်းထလာပြန်သည်။ ဆေးကုရပြန်သည်။ အပြင်ဆေးခန်းတစ်လှည့်၊ တက္ကသိုလ်ဆေးရုံတစ်လှည့်၊ အာမီရမ်နှင့်တစ်လှည့် ကုရပြန်သည်။ အလုပ်များလွန်းသည့်နေ့တို့ စိပ်လာသည်။ တပ်မတော်ကုန်တိုက်ကြီး အပ်ရက်နီးလာသောကြောင့် ဖြစ် သည်။ တစ်ဖက်မှလည်း ၂၈လမ်းဆိုက်ကို မျက်ခြည်ပြတ်၍မဖြစ် ညပိုင်းပါ တစ်ဦးတည်းအချိန်ပိုဆင်း၍ စေတနာထားလုပ်ကိုင်ပေးခဲ့သည်။ စာရင်းအချောများကို ညပိုင်းတွင် လုပ်သည်။ ဝင်းကြားထဲတွင် ပုံထားသော သံချောင်းများ ပျောက်သည်ဟု ညစောင့်ကိုသိန်းက သတင်းပို့ထားသည်။ အပေါ်ဆုံးထပ် စလစ်ပြင်တွင် မီးတစ်လုံးဆွဲ စားပွဲကုလားထိုင်ရွှေ့၍ ညပိုင်းအလုပ်လုပ်ဖြစ်သည်။ တစ်ပြအတွင်း စလစ်ပြင်ခေါင်မိုးများမှာ တစ်စပ်တည်း ဖြစ်နေသည်။ တစ်ဖက်အပေါ်တွင် ပန်းရံအလုပ်သမားများ အိပ်စက်ကြသည်။ ညပိုင်း မကြာခဏရန်ဖြစ်ကြ၊ ဆူညံကြ၊ မူးကြသဖြင့် အတော်ထိန်းရသည်။ စိတ်ရှည်လွန်းစွာဖြင့် အမြဲတမ်းပြုံး၍ ဖြေရှင်းပေးသော်လည်း သိပ်လွန်ကဲလာလျှင် ဘီလူးဆိုင်းတီးရသည်။ ထိန်းမရသူကို ခြေပါလက်ပါ ဖြေရှင်းရသည့်အခါ ရှိသည်။ သုံးကြိမ်ပြည့်လျှင် အလုပ်ထုတ်သည်။ လာ၍ သောင်းကျန်းလျှင် အနီးအနားမှ တပ်လုံခြုံရေးထံ အပ်၍ ဖြေရှင်းရသည်အထိ ဆိုးသွမ်းသူများ ကြုံဖူးသည်။ နောက်ပိုင်း တောပြန်သူငယ်ချင်းလှသူ ရောက်လာတော့ ထိန်းရပို၍ အဆင်ပြေသည်။ လူကသိုင်းပြောင်းပြန်သမား၊ ကိုယ်ကလည်း စိတ်ရှည်သလောက် ဒေါသထွက်လာက အာဏာဝကဝင်သလိုမို့ အလုပ်သမားများက ရှိန်သည်။ သူငယ်ချင်းနှစ်ယောက်အချင်းချင်းဖေးမရင်း လုပ်ရ ကိုင်ရ အဆင်ပြေသည်။

ညပိုင်းအလုပ်လုပ်ရင်း ဝင်းကြားထဲမှ ပုံထားသော သံချောင်းပုံကို ကြည့်ရသေးသည်။ တစ်ရက်က ဝင်းကြားမှ ဝင်လိုက်ထွက်လိုက် သံချောင်းပုံကို ကြည့်လိုက်သဖြင့် မသင်္ကာဖွယ်ရာ လူနှစ်ဦးကို အပေါ်ဆုံးလေးထပ်ပေါ်မှ ကျွန်တော်စောင့်ကြည့်နေသည်။ အောက်ထပ်ဆင်း၍ ညစောင့် ၂ ဦးကို ဝင်းပေါက်နားထိုင်နေစေပြီး အပေါ်ဆုံးထပ်မှ ဂျပ်ထူပုံးကလေးကို လွှတ်ချလိုက်လျှင် အမြန်ထွက်၍ ဝင်းကြားသို့သွားရန်မှာပြီး ည ၁၀ နာရီကျော်တွင် စာရင်းမလုပ်တော့ဘဲ မီးမှိတ်၍ ထိုင်ကြည့်နေသည်။ ည ၁ နာရီခန့်တွင် သံချောင်းပုံမှ အသံမကြားအောင် သံချောင်းပေရှည်ကို ထိုနှစ်ဦးက ဆွဲနုတ်ယူငင်နေသည်ကို တွေ့သည်။ တိုက်မျက်နှာစာမှာ ညစောင့် ၂ ဦး ရှိရာသို့ ဂျပ်ပုံးကို ပစ်ချလိုက်ပြီး အပေါ်မှ သေသေချာချာကြည့်နေမိသည်။ အစောင့် နှစ်ယောက် ရောက်သော် ဝင်းကြားမှ တစ်ယောက်က တိုင်အကွယ်တွင် ပုန်းနေသည်။ တစ်ယောက်မှာ ဝင်းအတွင်းသို့ ဝင်ပြေးသွားသည်။ အစောင့်နှစ်ယောက်ကို ဝင်းကြားထဲဝင်ရန် အော်ပြောပြီး တိုင်တွင် ကပ်နေသူကို ဖမ်းစေရာ မိခဲ့သည်။ ရုံးကားကို ထုတ်စေပြီး ရဲစခန်းသို့ ပို့အပ်အရေးယူစေခဲ့သည်။

နံနက်ပိုင်းတွင် ထွက်ပြေးသူကိုပါ ဖမ်းမိခဲ့သည်။ ထိုညက တစ်ညလုံးမအိပ်ဖြစ်ခဲ့၊ နံနက်ပိုင်းတွင် ရုံးခန်းတွင်းထိုင်၍ ငွေစာရင်းပြုစုနေစဉ် တိုက်နှစ်တိုက်ကြား အပေါ်ဆုံးထပ်မှစ၍ ဆေးသုတ်နေသော ဆေးသုတ်သမားတစ်ဦး လေးထပ်မြောက်မှ ပြုတ်ကျသည်။ ကျွန်တော့်ဘေးပြတင်းမှ ကျသွားသည်ကိုမြင်၍ အပြေးသွားကူညီ၍ ဆေးရုံသို့ ပို့ပေးခဲ့သည်။ ထူးဆန်းလှစွာဖြင့် ပွန်းပဲ့သည်မှတစ်ပါး ဘာမျှမဖြစ်ခဲ့။ နေ့ခင်းဘက်တွင် ပန်းရံအဖွဲ့မှ တစ်ဦး သံချောင်းစူးရာ ခြေခုံထုတ်ချင်းခတ်ပေါက်သွား၍ ဆေးရုံပို့ရပြန်သည်။ အလုပ်ကရှုပ်၊ အလုပ်သမားများ၏ ဆေးရုံကတစ်ဖက်၊ ရဲစခန်းက တစ်မျိုး၊ အိပ်ရေးပျက်သည်ကတစ်လီကြောင့် ငှက်ဖျားတက်ပြန်သည်။ ကျောင်းလခနှင့် စာအုပ်ဖိုး နှစ်ယောက်စာ သွင်းလိုက်သောကြောင့် လက်ထဲတွင် ငွေကမရှိ ပေကပ်၍ နှစ်ရက်မျှနေသေးသည်။ မရတော့။ အဖျားကိုကုရန် စီးနေသော စက်ဘီးကို ပေါင်နှိုင်း၍ ဆေးကုရသည်။ ပိုသောငွေအနည်းငယ်ဖြင့် နှစ်ယောက်သား ထမင်းစားရသည်။ စက်ဘီးမရှိ၍ နှစ်ယောက်သား ကျောင်းမတက်နိုင်၊ တော်သေးသည်။ ဧည့်ခံစရိတ်ထုတ် မထားသည်မှာ နှစ်လရှိပြီ။ ဆရာကလည်း သတိတရထုတ်ပေးသည်။ စက်ဘီးပြန်ရွေးနိုင်ခဲ့သည်။ နောက်တွင် စက်ဘီးမပေါင်ရန် လိုက ဆရာ့ထံပြောရန် ဘယ်အချိန်ငွေလိုလိုပြောရန် မှာကြားသဖြင့် ကျေးဇူးတင်ရသည်။ သီးခြားဆေးဖိုးနှင့် အသုံးစရိတ်လည်း ထုတ်ပေးသဖြင့် ဝမ်းသာရသည်။ အဆင်ပြေရသည်။ ရုံးကိစ္စအားလုံးကို သူတာ၊ ကိုယ့်တာမခွဲဘဲ စေတနာပါပါဖြင့် ထမ်းဆောင်သောကြောင့် ဆုချီးမြှင့်ပေးသည်ဟု အများရှေ့တွင်ပင် ထုတ်ဖော်ချီးမွမ်းခံခဲ့ရသည်။ ထိုနေ့ညနေတွင် တိုက်ခန်းခများအတွက် ငွေချေမှု ဆာလာအိတ်ကြီး သုံးလုံးအပြည့်ငွေများကို ရုံးကားဖြင့် သယ်လာပြီး ကျွန်တော့်အခန်းသို့ပို့ကာ ညပိုင်း ငွေအရေအတွက် များ စစ်ဆေး၍ နံနက်တွင် ဘဏ်အပ်ရန် တာဝန်ပေးသည်။ ယုံကြည်စိတ်ချရသော အလုပ်သမားနှစ်ဦးကို ညစောင့်နှစ်ဦးနှင့်ပေါင်း၍ လုံခြုံရေးချပြီး ရုံးခန်းအတွင်း နှစ်ယောက်ကို ခေါ်ထားသည်။ ကျွန်တော်တို့လေးယောက် တစ်ညလုံး ငွေများကို စစ်ဆေးရင်းဖြင့် မအိပ်ဖြစ်ခဲ့၊ ပိုငွေလည်း တော်တော် ထွက်လာသည်။ နံနက်ခင်းဆရာလာသောအခါ ဘဏ်အပ်ရမည့် စာရင်းနှင့် ပိုငွေတို့ကို ဆရာ့ထံအပ် ရာ ဆရာက ပိုငွေက မင်းအကုန်ယူလိုက် ဘဏ်အပ် မည့်ငွေထဲက ၁၀၀ နှုန်းတွက်ပြီး ဝိုင်းကူတဲ့သူတွေကို ထမင်းကျွေးလိုက်ဟု တာဝန်ဆက်ပေးသည်။ လစာငွေ သုံးလစာလောက်ကို တစ်ညတည်းဖြင့် အပိုငွေရလိုက်သည်။ ငွေများပြန်အပ်သဖြင့် ဆရာက ခေါင်းကိုထု၍ အရမ်းရိုးတဲ့ကောင်ဟု ပြောသေးသည်။ သူငယ်ချင်းဖြစ်သူ အင်ဂျင်နီယာကိုသာလှမော် (ကျောက်ဆည်သား၊ နောင်တွင် ရှာင်မြို့နယ် အင်/ယာ)တို့နှစ်ဦးကို ခေါ်၍ စားသောက်ဆိုင်သို့ သွားခဲ့သည်။ ကျွန်တော်ရသည့် ပိုငွေထဲမှ ကျွေးမွေးလို၍ဖြစ်သည်။ ဗိုလ်ကြီး စိုးမိုးအေး (နောင်တွင် မန်းနေ့စဉ်သတင်းစာခွဲမှူး)၏ တပ်ခွဲမှ ချင်းဆရာကြီး အရာခံဗိုလ်ကျော်အုပ် (ကျွန်တော့ သူငယ်ချင်း) အားလည်းခေါ်၍ ပြုစုသည်။ သူငယ်ချင်းတစ်စု စကားတပြောပြော သောက်လိုက်စားလိုက်ဖြင့် အချိန်လွန်သွားသည်။ ဆရာကြီးကျော်အုပ်နှင့် ရဲဘော်များက ပြန်ပို့ပေးရသည်။ ငှက်ဖျားပျောက်စ၊ အားကနည်း၊ အိပ်ရေးပျက်၊ အလုပ်ပင်ပန်းသဖြင့် ထိုညက ကျွန်တော်အမူးလွန်သွားခဲ့သည်။ နံနက် ၉ နာရီကျော်မှ အိပ်ရာနိုးသည်။ အလုပ်အရေးကြီးသော်လည်း ဆရာကမနှိုး၊ ကျွန်တော် နိုးလာမှ "အေးကွ တစ်ခါတစ်လေ အဲသလိုနေစမ်းပါကွ၊ စိတ်ပြေလက်ပျောက် စိတ်ဖိစီးမှု ပျောက်တယ်" တဲ့။

တပ်မတော်ကုန်တိုက်ဖက်မှ အကြောင်းကြားလာသည်။ အပေါ်ထပ်နှင့် အပြင်ဘက်ဆေးသုတ် အချောကိုင်လုပ်ငန်းများ ပြီးလုပြီဖြစ်ကြောင်း၊ သို့သော် မြေအောက်ကားပါကင်အထပ်တွင် အဆင်မပြေကြောင်း ရေများကစိမ့်ထွက်၍ ရေကူးကန်သဖွယ်ဖြစ်နေကြောင်း တင်ပြကြသည်။ အဖွဲ့စုံစုပေါင်း၍ ကြည့်ကာ အကြံပြုကြသည်။ အတွင်းမှ အချော သပ်လွှာထူထူ တစ်ထပ်အုပ်မည်ဟု ဆုံးဖြတ်ကြပြီး ရေစုပ်စက်များဖြင့် ရေစုပ်ထုတ်ကြသည်။ ပြီးလျှင် အချောသပ်လုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်သည်။ ကျွန်တော့်ကျန်းမာရေး အနည်းငယ် ဆိုးလာသည်။ ငှက်ဖျားကြောင့် ဘေလုံးက ဒုက္ခပေးလာသည်။ နှလုံးနေရာမှ ထိုးအောင့်လာမှုကို ခံစားရသည်။ စက်ဘီးဖြင့် သွားနေရင်း ခေါင်းထဲမှ မိုက်ခနဲဖြစ် မှောင်ကျသွားပြီး မြေကြီးအတွင်းကျွံကျသွားသကဲ့သို့ ခံစားရကာ သတိလစ်သွားတတ်သည်။ အလုပ်ထဲမှ ကျောင်းသို့ ကျူတိုရီရယ်သွားဖြေလျှင် ၃၅လမ်းမှတစ်ဆင့် သွားရသည်။ ငှက်ဖျားတက်လာလျှင်လည်းကောင်း၊



နှလုံးဖောက်၍ သတိလစ်လျှင်လည်းကောင်း၊ ၃၅ လမ်းမှ မိတ်ဆွေများက ကူညီကြသည်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာစာ မိသားစုဝင် လုပ်အားပေးစခန်းအတူဝင်ခဲ့ကြသည့် မဖြူဖြူဦးတို့အိမ်က အကူအညီအပေးဆုံးဖြစ်သည်။ မဖြူမှာ ကျောင်းသားဘဝကတည်းက အစ်မအရင်း သဖွယ် ကူညီစောင့်ရှောက်ပေးပြီး မဖြူ၏ မိခင်မှာ လည်း သားသဖွယ် ချစ်ခင်၍ နေမကောင်းလျှင် ဖြစ်စေ၊ နေ့စဉ်နီးပါး ထမင်းချိန်ထမင်း၊ ဆေးကုဖို့ လိုအပ်လျှင်ဆေး၊ လိုလေသေးမရှိပြုစုပေးခဲ့သော မိခင်ဖြစ်သည်။ မဖြူကဲ့သို့ပင် အမရပူရမှ မဆွေ တို့ မိသားစုကလည်း အရင်းအခြာသဖွယ် စောင့်ရှောက်ပေးခဲ့သည်။ နှစ်ရှည်လများ ခံစားခဲ့ရသော ငှက်ဖျားရောဂါသည် လူရုပ်မပေါက်အောင်ပင် ဖြစ်ခဲ့ရသည်။ ဆေးပေါင်းစုံဖြင့် ကုသော်လည်း နောက်ဆုံးတွင် မဆွေ၏ဖခင် ဦးဆိုင်(ပြည်တွင်းအခွန်ညွှန်ကြားရေးမှူးချုပ်)ပေးသော ဆေးနှင့်မှ သက်သာလာခဲ့ရသည်။ ထိုမိသားစုများနှစ်စုမှာ ကျွန်တော်၏ ဒုတိယမိသားစုများဟု ဆိုနိုင်ပေသည်။ ဆေးကုရင်း၊ ကျောင်းတက်ရင်း အလုပ်မှ နှစ်ရက်ခန့် နားခဲ့ရသည်။

အလုပ်ခွင်ပြန်ရောက်ရောက်ခြင်းပင် တပ်မတော်ကုန်တိုက်အပ်နှံနိုင်ရေးကို ကြိုးစားဆောင်ရွက်ရပေသည်။ ဂိုထောင်တွင် သိမ်းဆည်းထားသော ဘိလပ်မြေအိတ်ခွံနှင့် ဆေးပုံးခွံများကို ဆရာ့အား အသိပေး၍ ရောင်းချသည်။ ဆရာက မင်းတို့ ကျောင်းစရိတ်နှင့် ကျန်းမာရေးအတွက် ယူထားဟု ဆိုသော်လည်း တစ်ဝက်ကို ညစောင့်နှင့်ဝန်ထမ်းများအား ခွဲဝေပေးပြီး တပ်မတော်ကုန်တိုက်အပ်နှံရေးကြိုးစားနေကြသော ပန်းရံအဖွဲ့နှင့် အင်ဂျင်နီယာများကို အစားအသောက်အဆင်ပြေစေရန် စီစဉ်ပေးသည်။ ကျွန်တော့အတွက် လေးပုံတစ်ပုံသာ စုဆောင်းထားခဲ့သည်။ ရရှိသောအခွင့်အရေး လေးပုံသုံးပုံအား အများအတွက် အသုံးပြုပြီး တစ်ပုံသာ ကိုယ့်အတွက် သုံးခဲ့သည်။ ထိုတစ်ပုံသော အသုံးစရိတ်မှာလည်း ထိုစဉ်က လစာ၏ လေးငါးဆခန့် ရခဲ့၍ အဆင်ပြေခဲ့သည်။ ကိုယ်၏ဝေခြမ်းပေးမှုကြောင့် ဝန်ထမ်းများလည်း ဝမ်းသာကျေနပ်ကြသည်။ မိမိအတွက်ဆိုလျှင် နေ့ ညမရွေးဆောင်ရွက်ပေးမည့်သူများလှသည်။ အလုပ်တာဝန်အပေါ် စေတနာထား၍ အားကြိုးမာန်တက်ထမ်းဆောင်ပြီး လုပ်ဖော်ကိုင်ဖက်များအပေါ် အဆင့်အတန်းမရွေး ဂရုတစိုက်လေးစားသမှုဖြင့် ဆက်ဆံခဲ့သောကြောင့် အဆင်ပြေခဲ့သောကာလဟုပင် ဆိုရပေမည်။

(ဆက်လက်ဖော်ပြပါမည်)

## စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး ဟောပြော

**ညောင်ဦး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာပြန့်ပွားရေးနှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ



ရရှိစေရန်ရည်ရွယ်၍ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (မြို့မ)သို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေး ဟောပြောပွဲကို ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က လူငယ်ရေးရာအသိပညာပေး ဟောပြောဆွေးနွေးပြီး ဦးစီးအရာရှိ ဒေါ်သူဇာစိုးက ကလေးအလုပ်သမားပပျောက်ရေး ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်မှူး ဦးသန်းစိုးက စားသုံးသူကာကွယ်ပေး စသည့် အကြောင်းအရာများ ပညာပေးဟောပြောခဲ့ကြပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်များ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသပေးရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။ **ဒီပါလင်း**

## မြစ်ရေတင်ဖြင့် မိုးသီးနှံစိုက်ပျိုးထားရှိမှုတို့အား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်များနှင့် မိုးသီးနှံစိုက်ပျိုးထားရှိမှုတို့အား ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးကြသည်။

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း မိုးသီးနှံစိုက်ပျိုးထားမှု၊ ဆီထွက်သီးနှံ စိုက်ပျိုးထားရှိမှု၊ မိုးစပါးစိုက်ပျိုးထားရှိမှု၊ ပဲစင်းငုံ၊ ပင်ထောင်မြေပဲ၊ ပင်ပြန့်မြေပဲစိုက်ပျိုးထားရှိမှုတို့အား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းဦးတို့က ကွင်းဆင်းစစ်ဆေးရာ မိုးသီးနှံစိုက်ပျိုးထားရှိမှု၊ ဆီထွက်သီးနှံ၊ မိုးစပါးစိုက်ပျိုးထားရှိမှုတို့အား ညောင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီက ရှင်းလင်းတင်ပြပြီး လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်ဖြင့် ရေတင်ပေးဝေမှု၊ ရေမြောင်းများ ပြင်ဆင်ထားရှိမှု၊ ရေပေးစိုက်ပျိုးခြင်းတို့အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းထွေးက ရှင်းလင်းပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် ပင်ထောင်မြေပဲနှင့် ပင်ပြန့်မြေပဲ ဆီထွက်သီးနှံ စိုက်ပျိုးထားရှိမှု ၁၁၆၅၈၈ ဧက၊ ပဲစင်းငုံ ၁၁၃၅၆ ဧက၊ ပဲတီစိမ်း ၁၂၅၃၇ ဧက၊ မိုးစပါးစိုက်ပျိုးထားရှိမှု ငါ့သရောက်မြစ်ရေတင်ဖြင့် ၁၂၉ ဧက၊ လက်ပံခြေပေါ် မြစ်ရေတင်ဖြင့် ၈၅ ဧက၊ သူကောင်းတည်မြစ်ရေတင်ဖြင့် ၆၅ ဧက၊ ကျောက်ကူးမြစ်ရေတင်ဖြင့် ၁၆၀ ဧက၊ လောကနန္ဒာမြစ်ရေတင်ဖြင့် မိုးစပါး ၃၄၆ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။ **(၄၈၁)**



## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ပခုက္ကူ စက်တင်ဘာ ၂၃**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းရာတွင် ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၂၁ ဦး၊ မိသားစုဝင် သုံးဦး၊ စုစုပေါင်း ၂၄ ဦးတို့က ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြရာ ပခုက္ကူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ယာယီရဲမှူး နိုင်လင်းဆွေ၊ မြို့မစခန်းမှူး ဒုတိယရဲမှူးအောင်ကျော်စိုး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးတို့က လိုက်လံကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များအတွက် အားဆေးနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၄၀)**

## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျွန်းလှ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က သီတဂူ ဗုဒ္ဓတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှဌေး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း အင်အား ၅၀ ဦးဖြင့် သီတဂူ ဗုဒ္ဓတက္ကသိုလ်ဝင်းအတွင်း ချုံနွယ်များ၊ မြက်ရိုင်းများနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းကြသည်။

ထို့အပြင် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ရဲတပ်ဖွဲ့ဝင်ဟောင်းများအား လက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် တပ်ဖွဲ့ဝင်မိသားစုများကို ပျော်ပွဲ၊ ရွှင်ပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**(၄၈၀)**

၀-၀-၀-၀-၀-၀-၀



## ဖွံ့ဖြိုးမှုအရှိန်အဟုန်နှင့် ပုသိမ်ကြီးမြို့နယ်

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်ကနှင့် ယခုကာလ၏ မြန်မာပြည်အဝန်း တောရောမြို့ပါ ဖွံ့ဖြိုးတိုးတက်လာမှုမှာ များစွာမှပင် သိသာစွာ ပြောင်းလဲတိုးတက်ခဲ့သည်။ တောနှင့်မြို့ ကွာခြားချက်မှာလည်း နည်းပါး၍ လာပေပြီ။ အဓိကကား လမ်းပန်းဆက်သွယ်မှုများ ကောင်းလာခြင်းကြောင့်ပင် ဖြစ်သည်။

ယင်းတိုးတက်မှုများတွင် အတိတ်မြန်မာ၏ မြို့တော်ဟောင်း၊ လက်ရှိ တတိယမြို့တော် မန္တလေးမြို့ကြီးသည်လည်း ပါဝင်သလို မန္တလေးနှင့်ဆက်ဆံနေသည့် ယခင်ကတော့ ကျေးလက်မြို့လေးဟုလို့ ဆိုနိုင်သော်လည်း ယခု မြို့ပြပိုဆန်ကာ လူနေပိုများလာသည့် ပုသိမ်ကြီးမြို့သည်လည်း အပါအဝင် ဖြစ်သည်။

ယခုမြင်တွေ့ရပုံမှာ ပုသိမ်ကြီးမြို့တွင်း အဓိကလမ်းမကြီးပိုင်း၊ မြို့ဦး ၂ လမ်းနှင့် ၄လမ်းအကြားတွင် ယခုရက်ပိုင်း မိုးများ၍ ရေတိုက်စားချို့ယွင်းသည့် လမ်းပိုင်းအား ယန္တရားများ၊ ဝန်ထမ်းလုပ်သားများဖြင့် အားကြိုးမာန်တက် လမ်းပြုပြင်အဆင့်မြှင့်တင်ပေးနေခြင်း ဖြစ်သည်။

စာရေးသူတို့ လွန်ခဲ့သည့် အနှစ် ၂၀ ကျော်ကဆိုလျှင် ပုသိမ်ကြီးသွားလျှင် မန္တလေး၊ ၆၂လမ်း၊ ၁၉ လမ်းဆုံမှ ၁၉ လမ်းတိုင်းဆက်သွား၍ ၅၇ သံလမ်းကျော်သည်နှင့် မညီမညာ ကျောက်လမ်းပေါ် ခက်ခက်ခဲခဲ သွားကြရသည်။ ယခုကား မန္တလေးနှင့် ပုသိမ်ကြီးသာမက ရေထွက်အထိ၊ ပုသိမ်ကြီးနာရီစင်အကျော် လမ်းဆုံမှ သစ်ချိုကုန်း၊ ဆင်ရွာကြီးရွာများအထိ ကတ္တရာလမ်းချော ဖြစ်၍ နေသည်။ ပုသိမ်ကြီးနှင့် မန္တလေးလမ်းမှာမူ ၄ လမ်းသွား ကတ္တရာလမ်းချောပင် ဖြစ်သည်။

ထို့ကြောင့် ဒေသခံပြည်သူများ နံနက်၊ ညနေ အလုပ်ဆင်းတက်၊ ဈေးရောင်း၊ ဈေးဝယ်သွားပြန်၊ စက်ဘီးစီးအားကစားသမားများနှင့် ရန်ကင်းတောင်နှင့် ပုသိမ်ကြီးဒေသတို့တွင် ဒေသန္တရဗဟုသုတရှာသူနှင့် ဘုရားဖူးများအားလုံးတို့မှာ စိတ်ချမ်းသာစွာ ကျေးလက်အလှကို ခံစားနိုင်ဖို့ရန် သွားလာမှုများစွာ အဆင်ပြေ၍ နေပါပြီ။



မွန်းကျပ်နေသည့် ကားများနှင့် လူအများရှိနေသည့် မန္တလေးမြို့တွင်းမှ ကျေးလက်အလှ၊ စိမ်းဖန့်ဖန့်လယ်ကွင်းကျယ်များ၊ နှံ့အိုင်ထဲပျော်ကျွဲများနှင့် ဇျိုင်းအုပ်များအလှ၊ မိုးထိလုမြင့်မားနေသည့် တောင်ခိုးများဝေကာ ဘယ်တော့မှ အမြင်ရိုးမသွားသည့် ရန်ကင်းတောင်ကြော၊ ရေတံခွန်တောင်ကြော၊ ကျွဲနဖားတောင်ကြောနှင့် ကြည့်မဆုံးသည့် မှိုင်းညို့ညို့ ရှမ်းတောင်တန်းကြီးများအလှကို တစ်ဝကြီးခံစားနိုင်ရန် ပုသိမ်ကြီးနယ်ရှိ ကျေးရွာလေးများဆီ လှမ်းလို့ ခြေဆန့်သင့်ပါသည်။

ယခုမြင်ရသည့် ကျယ်ပြန့်ကောင်းမွန်သည့် လမ်းကျယ်ကြီးများတွင် စိတ်ချမ်းသာစွာ သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်း၊ ခရိုင်၊ မြို့နယ်စည်ပင်နှင့် ဆောက်လုပ်ရေးလမ်းပန်းဆက်သွယ်ရေးဌာန အဆင့်ဆင့်တို့မှလည်း ပြည်သူများ စားဝတ်နေရေးပြေလည်စေမှု၊ လူမှုဘဝလုံခြုံမှုနှင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေး တစိုက်မတ်မတ် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။ **(ဝ၅၄)**




## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျေးသီး စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးဝင်းက လူငယ်များ စာဖတ်ခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများ၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန် မိမိတို့ ပြည်သူ့စာကြည့်တိုက်ကို အသုံးပြုတတ်လာစေရန် အသိပညာပေးခြင်းများ စသည်ဖြင့် ဆွေးနွေးပြောကြားသည်။ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မျိုးညွန့်က လူငယ်နှင့်ဥပဒေအကြောင်း အသိပညာပေးခြင်း၊ စခန်းမှူး ဒုတိယရဲမှူး သန်းထွန်းက ယာဉ်အန္တရာယ်ကင်းဝေးစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာ၍ ဆောင်ရန်၊ ရှောင်ရန်များနှင့် ဒုတိယဆေးရုံအုပ် ဦးအောင်ဆန်းက လူငယ်နှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများစသည်ဖြင့် အသီးသီး ဟောပြောခဲ့ပြီး ရဲတပ်ဖွဲ့ဝင်မိသားစုများ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၃၀ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ ကျေးသီးမြို့ စခန်းမှူး ဒုတိယရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင် မိသားစုများမှ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်ပြီး (၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် ကျောင်းသား၊ ကျောင်းသူများ ၃၀ဦးတို့ကို ဗလာစာအုပ်၊ ခဲတံနှင့် ပဲနို့ဘူး၊ အချိုရည်ဘူးများ လက်ဆောင်ပေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလည်း မုန့်များ ကျွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စပါးသီးနှံစိုက်ခင်းများ ပြန်လည်ပြုစုထိန်းသိမ်းရာတွင် ဆောင်ရွက်ရမည့်နည်းလမ်းများ အသိပညာပေးကွင်းဆင်းဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းသောကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်သဖြင့် ထိခိုက်သော စပါးသီးနှံစိုက်ခင်းများ ပြန်လည်ပြုစုထိန်းသိမ်းရာတွင် ဆောင်ရွက်ရမည့်နည်းများအား အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက မြစ်ရေဝင်ရောက်သည့် ကျေးရွာများသို့ ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံကာ ရေဝင်ရောက်ခဲ့သည့် စပါးခင်းများ ရေကျပြီးနောက် ပုံမှန်အခြေအနေရောက်ရှိပါက စပါးတစ်ဧကအတွက် ယူရီးယား (၄၀)ပေါင်၊ ပိုတက်စီယံ(၂၀)ပေါင်တို့အား (၃)ပတ်ခြားတစ်ကြိမ် စုစုပေါင်း(၃)ကြိမ်ထည့်သွင်းခြင်း၊ ယူရီးယားမြေဩဇာ ထည့်သွင်းတိုင်း ထုထည်ဆတူ နွားချေးမှုန့်၊ မြေမှုန့်အခြောက်တို့နှင့် ရောနှော၍ အရိပ်အောက် တစ်ညသိပ်ကာ ထည့်သွင်းပေးသင့်ကြောင်း၊ ဟျူးမစ်နှင့် ပျူးဗစ်အက်စစ်တို့ပါဝင်သော ရွက်ဖျန်းအားဆေးရည်များအား အပင်အခြေအနေအပေါ်မူတည်၍ (၂-၃)ကြိမ်ခန့် ပက်ဖျန်းခြင်း၊ စပါးပင်အနံ့စချိန်မှ ပန်းပွင့်ဖြိုင်ချိန်အထိ ယူရီးယားမြေဩဇာ စတီးဇွန်းလေးဇွန်းခွဲနှင့် လက်ခြားမှုန့်တစ်ဇွန်းတို့အား ရေတစ်ဂါလန်တွင် ပျော်အောင်ဖျော်၍ တစ်ဧကလျှင် ဂါလန် ၂၀ မှ ၂၅အထိ ၇ရက်မှ ၁၀ရက်ခြားတစ်ကြိမ် ဖျန်းပေးခြင်း၊ ပျက်စီးဆုံးရှုံးမှုသည် (၂၅)ရာခိုင်နှုန်းခန့်ဖြစ်ပါက အပင်ပွားကောင်းမွန်သည့် စပါးပင်မှ အပင်များကို ခွဲယူ၍ အပင်သေဆုံးသည့်နေရာများတွင် ကောက်ဖာစိုက်ပျိုးခြင်း၊ ပျက်စီးဆုံးရှုံးမှုများသော စပါးခင်းများအား အချိန်မီပါက သက်တမ်းတို ရက် ၁၀၀ စပါးမျိုးများ အစားထိုးပြန်လည်စိုက်ပျိုးခြင်း၊ ဒေသရေမြေ ရာသီဥတုနှင့် သင့်တော်မည့်အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း စသည့်အသိပညာပေးခြင်းများ ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၅)

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆန်း ဦးဆောင်သော တပ်ဖွဲ့ဝင် ၇၆ဦးသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးကို ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ မဟာသုန္ဒရာရာမကျောင်းတိုက်အတွင်း ယမန်နေ့ နံနက် ၇ နာရီက ချုံနွယ်များ၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်များ လှည်းကျင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

(၀၈၄)

## ပျက်စီးသွားသော ကျေးလက်လမ်းပိုင်းများတွင် သွားလာရေးအဆင်ပြေရန် ကျောက်ရောမြေခင်း ဆောင်ရွက်

**သာစည် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျချောင်းရေများ ဝင်ရောက်မှုတို့ကြောင့် ပျက်စီးသွားသော ကျေးလက်လမ်းပိုင်းများတွင် ကျေးလက်နေပြည်သူများ လတ်တလော သွားလာရေး အဆင်ပြေစေရန် ကျောက်ရောမြေခင်းခြင်းများကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ၌ မိတ္ထီလာ-တောင်ကြီး သွားကားလမ်းမှ ထူးတွင်း-ကုက္ကိုပင် ကျေးလက်လမ်းပိုင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော လမ်းပိုင်းနေရာများအား စက်တင်ဘာ ၁၇ ရက်ကစတင်၍ ကျောက်ရောမြေခင်းခြင်းကို စက်ကိရိယာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလမ်းသည် အကျိုးပြုအိမ်ခြေ ၃၀၀ ကျော်ရှိကြောင်းနှင့် ထူးတွင်း၊ ကုက္ကိုပင်၊ အုတ်ကုန်း၊ ရွှေတုတ်ကုန်း၊ နတ်မြောင်း ကျေးရွာများမှ ဆက်သွယ်သွားလာနေသော ကျေးရွာချင်းဆက်လမ်းဖြစ်သည်။ **(အောက်ပုံ)**

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အခြားသော ပျက်စီးသွားသည့် ကျေးလက်လမ်းပိုင်းများတွင်လည်း ကျေးလက်နေပြည်သူများ လတ်တလောသွားလာရေးအဆင်ပြေစေရန် ကျောက်ရောမြေခင်းခြင်းများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၇)



**တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။**

## တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများသွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူမည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများ လာရောက်လှူဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အကြောင်းကြားရန် အမိန့်ပေးညွှန်ကြားကြောင်းနှင့် စစ်ရေးတင်းမာနေသော ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများ သွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့်ဖမ်းဆီးအရေးယူမည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားပြီး လွှဲဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တောင်ငူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အလှူရှင်များကပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားရှိရာမှ အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်ကာ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် အလှူရှင်များက လာရောက်လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် အလှူရှင်များသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တိုက်တွန်းနှိုးဆော် ပန်ကြားထားရှိပြီးဖြစ်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးအခြေအနေအရ စစ်ဆေးဆောင်ရွက်ခြင်းသာရှိပြီး တားဆီးပိတ်ပင်မှုများမရှိကြောင်း သိရသည်။




ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာလူမှုကူညီရေးအသင်းအဖွဲ့များနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေး တာဝန်ရှိသူများအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသားပြီး လွှဲဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား" ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်း ဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်သူများခရီးသွားလာမှု အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန် လူစီးအမြန်ရထားပြေးဆွဲလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၃

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရထားလမ်းတာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ယာယီရပ်တန့်ထားရသည့် ရန်ကုန်-မန္တလေး ပြေးဆွဲပေးနေသော အမှတ်(၁၁)အဆန်၊ (၁၂)အစုန် အမြန်ရထားခရီးစဉ်ကို လမ်းပိုင်းပြုပြင်ပြီးသည့် အခြေအနေအရ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက်မှစ၍ စတင်ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများ

စာမျက်နှာ ၆ သို့ ✶




### ယနေ့ ဖတ်စရာအညွှန်း


လျှပ်စစ်ကို လိုသလောက်သာသုံး တရားမဝင်မသုံးနဲ့ (ဆောင်းပါး) စာမျက်နှာ ၁၀

ကျေးလက်တောရွာများ၏ ချစ်စရာ့ဓလေ့နှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဆံကေသာ ဆံရစ်ပိုင်းအလှ စာမျက်နှာ ၁၃


## တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲမှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Parliament တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ အားလေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်

## မြန်မာယူ-၁၆ အသင်း လေ့ကျင့်ခြေစမ်းပွဲကစားရန် ကာတာနိုင်ငံသို့ ထွက်ခွာ

အာရှယူ-၁၇ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် ကာတာယူ-၁၆ အသင်းနှင့် လေ့ကျင့်ခြေစမ်းပွဲ နှစ်ပွဲ ကစားရန်အတွက် ယနေ့ ညနေပိုင်းက ကာတာနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာယူ-၁၆ အသင်းအနေဖြင့် စက်တင်ဘာ ၂၄ တွင် ကာတာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး စက်တင်ဘာ ၂၆ ရက်နှင့်

စာမျက်နှာ ၆ သို့ ○



## လေဖိအားနည်းဆဲလ်၏အရှိန်နှင့် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၆ သို့ ○